မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်၊ ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီ ၈ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၃၁)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

၂၀၀၇ ခုနှစ်၊ မြန်မာနိုင်ငံကုန်သည်သင်္ဘော အက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
၂၀၀၇ ခုနှစ်၊ မြန်မာနိုင်ငံကုန်သည်သင်္ဘော အက်ဥပဒေကို
ပြင်ဆင်သည့် ဥပဒေ
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ
အမှတ် ၁/၂၀၀၇)
၁၃၆၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်
(၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၂၀၀၇ ခုနှစ်၊ မြန်မာနိုင်ငံ ကုန်သည်သင်္ဘောအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံကုန်သည်သင်္ဘော အက်ဥပဒေတွင်ပါရှိသော home trade ship ဆိုသည့် စကားရပ်များကို "near coastal voyage ship" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၃။ မြန်မာနိုင်ငံကုန်သည်သင်္ဘော အက်ဥပဒေတွင် ပုဒ်မ ၂၊ ပုဒ်မခွဲ(၃)ကို အောက်ပါအတိုင်း အစားထိုးရမည်–

(3) "near coastal voyage ship means a ship employed in trading between any ports in the Union of Myanmar or between any port in the Union of Myanmar and any port or place in India or Pakistan or in the Straits Settlements , or in the Island of Sri-Lanka or countries as stated in the notification published by the Department of Marine Administration With the approval of the Ministry of Transport;"

စာမျက်နှာ ၃ ကော်လံ ၁ ●

ရှင်းလင်းပြောကြား

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များအား တွေ့ဆုံ၍ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီ၏ ဆောင်ရွက်ချက်များအား ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့လက်နက်ကိုင်တပ်ဖွဲ့ များသည် မိမိဆန္ဒအလျောက် ဝင်ရောက်စစ်မှုထမ်းသူများဖြင့် ဖွဲ့စည်းထား အသက် ၁၈ နှစ်မပြည့်သူကို လက်မခံဘဲ အဓမ္မစစ်မှုထမ်းစေခြင်းကိုလည်း တင်းတင်းကျပ်ကျပ်တားမြစ် လိုအပ်ချက်မပြည့်မီသဖြင့် ၂၀၀၄ ခုနှစ်မှ ၂၀၀၆ ခုနှစ်အတွင်း ၅၆၇ ဦးကို လက်မခံဘဲ ပြန်လည်စေလွှတ်ခဲ့ ကလေးသူငယ်များအား အကာအကွယ်ပေးရေးကိစ္စကို မြန်မာနိုင်ငံက အလေးအနက်ထား ဆောင်ရွက်မည်

ရန်ကုန် ဖေဖော်ဝါရီ ၇

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယမန်နေ့မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ အင်းလျားလမ်းရှိ တပ်မတော်ဧည့်ဂေဟာ၌ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များအား တွေ့ဆုံ၍ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီ၏ ဆောင်ရွက်ချက်များအား ရှင်းလင်းပြောကြားသည်။

စာမျက်နှာ ၅ ကော်လံ ၁ ✻

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်)

လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားရေး တာဝန်အဖြစ် ခံယူကြိုးပမ်း

နိုင်ငံတော်က တစ်မျိုးသားလုံး ပညာရည်မြင့်မားစေရေး မျှော်မှန်းပြီး တစ်နိုင်ငံလုံး ပညာရေးမြှင့်တင်မှု အစီအစဉ်များကို ချမှတ်အကောင်အထည်ဖော်လျက် ရှိသည်။

ပြည်ထောင်စု၏ အချက်အချာကျသည့် ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ခုတွင် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရကွန်ပျူတာကောလိပ်တစ်ခုစီကို ဖြန့်ကြက်ထူထောင်ပေးရင်း ပညာရေးအခြေခံများ မျှမျှတတဖြစ်ထွန်းရေး စီမံဖော်ဆောင်ပေးခဲ့သည်။

၂၀၀၇ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့မှစ၍ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခုတွင် ဒီဂရီကောလိပ်များ အပါအဝင် ကောလိပ်အားလုံးကို တက္ကသိုလ်အဆင့်တိုးမြှင့်ပေးခဲ့ပြီး ဖြစ်သည်။

နယ်ပယ်ကဏ္ဍစုံတွင် ခေတ်မီ သိပ္ပံနှင့်နည်းပညာများ ထွန်းကားပြန့်ပွားလျက်ရှိရာ အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာစေရေးအတွက် လူ့စွမ်းအားအရင်းအမြစ် စွမ်းအားစုကြီးကို ပြုစုပျိုးထောင် မွေးထုတ်ပေးလျက်ရှိသည်။ ထို့ပြင် ပညာရေးမြှင့်တင်မှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘက်စုံထူးချွန်စေရေး အစီအမံများအပြင် သင်ကြားမှု သင်ယူမှုစနစ်များ ဖော်ဆောင်ပေးသည့် နိုင်ငံတကာအဆင့်မီ ပညာရည် မြင့်မားရေး အစီအစဉ်များကိုလည်း စီမံဖန်တီးပေးလျက်ရှိသည်။

ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလာသည့် နည်းပညာများကို ကျောင်းသား၊ ကျောင်းသူများ၏ ထက်မြက်မြင့်မားသည့် ဉာဏ်ရည်ဉာဏ်သွေးဖြင့် ပေါင်းစပ်ပြီး နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ပြောင်းလဲမှု ဖြစ်စဉ်တွင် အမီလိုက်ပါနိုင်ရေး အားထုတ်ကြိုးပမ်းကြရမည် ဖြစ်သည်။

ယနေ့အချိန်အခါတွင် ပြည်တွင်းပြည်ပ အဖျက်သမားအုပ်စုသည် မျိုးဆက်သစ်လူငယ်များအား အမျိုးသားရေးစိတ်ဓာတ်များ လျော့နည်းစေပြီး ပြည်ထောင်စုစိတ်ဓာတ် ပျက်ပြားလာစေအောင် နည်းလမ်းမျိုးစုံဖြင့် သွေးထိုးလုပ်ဆောင်လျက်ရှိရာ ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းသားလူငယ်များကို တိုင်းပြည်က အားထားရမည့်သူများဖြစ်ရေး၊ ဘက်စုံ ထူးချွန်ထက်မြက်သူများဖြစ်ရေး ပြုစုပျိုးထောင် လေ့ကျင့်ပေးရင်း မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်များ ကိန်းအောင်းနေအောင် သင်ကြားပို့ချပေးကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က အမျိုးသားပညာရေး မျှော်မှန်းချက်များ အောင်မြင်စေရေး အလေးထား ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် ပဓာနကျသည့် လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း တက္ကသိုလ် ဆရာဆရာမများ အပါအဝင် ပညာရေးဝန်ထမ်းအားလုံးက အမျိုးသားရေးတာဝန်အဖြစ် ခံယူပြီး ကျရာအခန်းကဏ္ဍမှ ဆက်လက်ကြိုးပမ်း ထမ်းဆောင်သွားကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သမ္မတဘုရှ်နှင့် ဝန်ကြီးချုပ်တိုနီဘလဲတို့အား ရာဇဝတ်ကောင်များအဖြစ် ခိုင်းနှိုင်းပြောကြား

ကွာလာလမ်ပူ ဖေဖော်ဝါရီ ၇

အမေရိကန်သမ္မတဘုရှ်နှင့် ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲတို့၏ ရာဇဝတ်မှုများကို စက်ဆုပ်ဖွယ် အသားပေးဖော်ထုတ်သည့် မလေးရှားတွင် ပြုလုပ်သော လူထုအစည်းအဝေးပွဲတွင် တက်ရောက်ဟောပြောသူများက သမ္မတဘုရှ်နှင့် ဝန်ကြီးချုပ် တိုနီဘလဲတို့နှစ်ဦးအား ဖက်ဆစ်ရာဇဝတ်ကောင်များအဖြစ် ခိုင်းနှိုင်းပြောကြားလိုက်စဉ် ငြိမ်းချမ်းရေး တက်ကြွလှုပ်ရှားသူ ၂၀၀၀ခန့်တို့က တစ်ခဲနက် လက်ခုပ်သြဘာပေးလိုက်ကြသည်ဟု ရိုက်တာသတင်း၌ ဖော်ပြသည်။

အရှိန်မြှင့်

သမ္မတဘုရှ်နှင့် ဝန်ကြီးချုပ် တိုနီဘလဲတို့နှစ်ဦးအား အီရတ်မှ တရားမဝင် စစ်ရာဇဝတ်ခုံရုံးဖြင့် စစ်ဆေးစီရင်အပြစ်ပေးရန် ပွင့်ပွင့်လင်းလင်း ပြောတတ်သည့် မလေးရှားဝန်ကြီးချုပ်ဟောင်းမဟာသီယာမိုဟာမက်က တောင်းဆိုကာ လူထုအစည်းအဝေးကို ဖွင့်လှစ်လိုက်သည်။ မဟာသီယာမိုဟာမက် စီစဉ်သည့် ဤကွာလာလမ်ပူ လူထုအစည်းအဝေးပွဲမှာ ဖေဖော်ဝါရီ ၅ ရက်က ပြုလုပ်ခြင်းဖြစ်ပြီး ထိုရက်မတိုင်မီကစတင်ခဲ့သည့် ဟီရိုရှီးမားမှသည် အီရတ်အထိ အမေရိကန်နှင့် အပေါင်းအပါတပ်များကျူးလွန်ခဲ့သော စစ်ရာဇဝတ်ပြပွဲကို အစွမ်းကုန် အရှိန်မြှင့်တင်ပေးလိုက်ခြင်း ဖြစ်သည်။

ရာဇဝတ်ကောင်

စစ်ရာဇဝတ်ခုံရုံးက ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲတွင် ပြစ်မှုထင်ရှားတွေ့ရှိလျှင် ၎င်းအား စစ်ရာဇဝတ်ကောင်၊ ကလေးသူငယ်များကို သတ်ဖြတ်သူနှင့် လူညာတွဲ့အမည်များကို အမြဲတမ်းရယူခံစားစေသင့်ကြောင်း ဒေါက်တာမဟာသီယာမိုဟာမက်က ပြောကြားလိုက်သည်။

လူ့အခွင့်အရေး

အရှေ့အလယ်ပိုင်းတွင် ဒီမိုကရေစီအတွက်ဆိုကာ အမေရိကန်ဦးဆောင်သည့်တပ်များ ဝင်တိုက်နေခြင်းဖြင့် သူတော်ကောင်းယောင်ဆောင်မှုနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဒေါက်တာမဟာသီယာမိုဟာမက်က မီးမောင်းထိုးပြသည့်အနေဖြင့် အဆိုပါငြိမ်းချမ်းရေးလိုလားသည့် လူထုအစည်းအဝေးပွဲကို ဦးဆောင်ဦးရွက် ပြုခြင်းဖြစ်သည်ဟု ရိုက်တာသတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

မြဝတီရုပ်မြင်သံကြား

၈-၂-၂၀၀၇
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	လက်စွမ်းပြပဟန်ဂီတသံ
၄း၁၅	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၅	၅။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၂၅	၇။	မြန်မာသံစဉ်ချိုနားဝင်
၅း၃၀	၈။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၅း၃၅	၉။	ဟဒယရှင်လန်းအငြိမ့်ခန်း
၅း၄၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	မိုးလေဝသသတင်း
၆း၃၀	၁၄။	လျှပ်တစ်ပြက်
၆း၃၅	၁၅။	လှုပ်လှုပ်ရှားရှား ပုံရိပ်များ
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သံစဉ်မဲ့မေတ္တာ"**(အပိုင်း-၅)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။	ကုန်သွယ်သုတ
	၂၀။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဝေဟင်ချစ်သူ"** (အပိုင်း-၄)

ရန်ကုန်မြို့ရှိ တက္ကသိုလ်များ၏ အင်္ဂလိပ်စာဌာနများမှ အငြိမ်းစားယူခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၄ ရက်က တက္ကသိုလ်များဓမ္မာရုံ၌ကျင်းပရာ ကျောင်းသား၊ ကျောင်းသူဟောင်းများက အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ကြစဉ်။ (မြန်မာ့အလင်း)

ယခုနှစ်တွင် ပြည်ပမှသကြားများ ဗီယက်နမ် တင်သွင်းရန်မလို

ဟန္နွိုင်း ဖေဖော်ဝါရီ ၇

ဗီယက်နမ်နိုင်ငံ၏ သကြားထွက်ရှိမှု မြင့်မားလာခြင်းကြောင့် ယခုနှစ်တွင် ပြည်ပမှသကြားတင်သွင်းမှုပြုလုပ်ရန်မလိုအပ်ဟု မျှော်မှန်းထားကြောင်း ဗီယက်နမ် ပြည်တွင်း စက်မှုလုပ်ငန်းအေဂျင်စီက ဖေဖော်ဝါရီ ၅ ရက်၌ ပြောကြားသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၀၆-၂၀၀၇ ခုနှစ် ကာလအတွင်း သကြားတန်ချိန် ၁ ဒသမ ၃ သန်းခန့်ထုတ်လုပ်ရန်မျှော်မှန်းထားကြောင်း၊ ယခင် ၂၀၀၅-၂၀၀၆ ခုနှစ်ကာလက သကြားတန်ချိန် ၉၇၀၀၀၀ ထက်ပိုမိုထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း ဗီယက်နမ်ကြံလုပ်ငန်းအဖွဲ့က ပြောကြားသည်။

လိုအပ်

ယခုနှစ် ဖေဖော်ဝါရီလ လက်ရှိစာရင်းကောက်ယူမှုအရ သကြားတန်ချိန်တစ်သိန်းထုတ်လုပ်နိုင်ခဲ့ပြီ ဖြစ်ကြောင်း သိရသည်။ ဗီယက်နမ်နိုင်ငံ၏ ပြည်တွင်းသုံးစွဲမှု လိုအပ်ချက်မှာ ၂၀၀၆-၂၀၀၇ ခုနှစ်ကာလ၌ သကြားတန်ချိန် ၁ ဒသမ ၃၇ သန်းလိုအပ်မည်ဖြစ်သည်။

တင်သွင်း

ဗီယက်နမ်နိုင်ငံသည် ပြီးခဲ့သော ၂၀၀၆ ခုနှစ် ပထမငါးလအတွင်း သကြားတန်ချိန် ရှစ်သောင်းခန့်တင်သွင်းခဲ့ရကြောင်း သိရသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဗြိတိန်၌ ကြက်ငှက်တုပ်ကွေးဖြစ်ပွား

လန်ဒန် ဖေဖော်ဝါရီ ၇

ဗြိတိန်နိုင်ငံ ဆပ်ဖို့ဒ်ခရိုင် မွေးမြူရေးခြံတစ်ခြံတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားသော်လည်း လူတို့၏ ကျန်းမာရေးကို ချက်ချင်းအန္တရာယ်ပြုမည့် လက္ခဏာ မရှိဟု ကျွမ်းကျင်သူများက ပြောဆိုသည်။

၂၀၀၃ ခုနှစ်မှစ၍ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားကာ H_5N_1 ဗိုင်းရပ်စ်ကြောင့် လူ ၂၇၀ကို ရောဂါဖြစ်စေပြီး၊ ၁၆၄ဦး သေဆုံးသည်။ သေဆုံးသူအများစုမှာ အရှေ့တောင်အာရှမှ ဖြစ်သည်။ ရောဂါဖြစ်ပွားသေဆုံးသူများမှာ ရောဂါဖြစ်သည့် ကြက်ငှက်များနှင့် လက်ပွန်းတတီးနေသူများဖြစ်သည်။ **(အင်တာနက်)**

၂၀၀၇ ခုနှစ်၊ မြန်မာနိုင်ငံကုန်သည်သင်္ဘော အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

● ရှေ့ဖုံးမှ

၄။ မြန်မာနိုင်ငံ ကုန်သည်သင်္ဘော အက်ဥပဒေတွင်–

(က) ပုဒ်မ ၂၁၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၃၇–ည၊ ပုဒ်မ ၈၄၊ ပုဒ်မ ၁၄၅၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၁၄၅–က၊ ပုဒ်မ ၁၉၁၊ ပုဒ်မ ၂၁၃၊ပုဒ်မခွဲ(၁)၊ ပုဒ်မ ၂၁၆–က၊ ပုဒ်မ–၂၁၉၊ ပုဒ်မ ၂၂၄–ဂ၊ ပုဒ်မ ၂၂၄–ဃ၊ ပုဒ်မခွဲ(၁)၊ ပုဒ်မ ၂၄၅၊ ပုဒ်မခွဲ(၁)၊ ပုဒ်မ ၂၄၅–ည၊ ပုဒ်မ ၂၄၅–ထ၊ ပုဒ်မ ၂၇၀နှင့် ပုဒ်မ ၂၉၄–က တို့၌ ပါရှိသော "Chairman of the State Peace and Development Council may"ဆိုသည့် စကားရပ်များကို "Ministry of Transport may,With the approval of the Government" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ခ) အထက်ပုဒ်မခွဲ (က)၌ ဖော်ပြထားသော ပုဒ်မများမှအပ ကျန်ပုဒ်မများတွင် ပါရှိသော " Chairman of the State Peace and Developement Council "ဆိုသည့် စကားရပ်များကို "Ministry of Transport " ဆိုသည့်စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၅။ မြန်မာနိုင်ငံ ကုန်သည်သင်္ဘော အက်ဥပဒေတွင်–

(က) ပုဒ်မ ၈၊ ပုဒ်မခွဲ (၃)ကို အောက်ပါအတိုင်း အစားထိုးရမည်–

"(iii) to give to all persons desirous of apprenticing boys to the sea service and duly authorized so to do by the rules relating to the apprentices made under this Act,and also to owners and masters of Myanmar Flagged ships requiring apprentices, such assistance as may be in their power for facilitating the making of such apprenticeships;"

(ခ) ပုဒ်မ ၁၄၊ ပုဒ်မခွဲ(၁)ကို အောက်ပါအတိုင်း အစားထိုးရမည်–

"Grades of certificates of competency.

(1) Certificates of competency shall be granted in accordance with this Act for each of the following grades,namely: -

Master(foreign-going)	-	Deck Officer Class I.
First mate (foreign-going)	-	Deck Officer Class II.
Second mate (foreign -going)	-	Deck Officer Class III.
Master(Near Coastal Voyage)	-	Deck Officer Class IV.
Mate(Near Coastal Voyage)	-	Deck Officer Class V.
First class engineer	-	Marine Engineer Officer Class I.
Second class engineer	-	Marine Engineer Officer Class II.
Third class engineer	-	Marine Engineer Officer Class III.
First class engineer (Near Coastal Voyage)	-	Marine Engineer Officer Class IV.
Second class engineer (Near Coastal Voyage)	-	Marine Engineer Officer Class V
Engine driver		……"

(ဂ) ပုဒ်မ ၁၄၊ ပုဒ်မခွဲ(၂)၌ ပါရှိသော "as master or mate" ဆိုသည့် စကားရပ်ကို "as master, mate or engineer" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဃ) ပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည်–

Equivalent certificate for naval officers.

17.(1) A naval officer who has attained the rank of lieutenant in the Myanmar Navy may be issued with an equivalent certificate to serve as master or first mate of a sea going vessel.

(2) A naval officer who has attained the rank of engineer or assistant engineer in the Myanmar Navy may be issued an equivalent certificate to serve as first class engineer or second class engineer of a sea going vessel.

(3) The equivalent certificate shall differ in form from a certificate of competency, and shall contain the name and rank of the person to whom it is delivered.

(4) The provisions of this Act including the penal provisions shall apply in the case of an equivalent certificate as they apply in the case of a certificate of competency.

(5) The Ministry of Transport may, with the approval of the Government make rules relating to the issue of the equivalent certificate for naval officers."

(င) ပုဒ်မ ၂၂၊ ပုဒ်မခွဲ(၂)၌ ပါရှိသော "every home-trade ship of more than three hundred tons burden" ဆိုသည့် စကားရပ်ကို "every near coastal voyage ship of more than five hundred gross tonnage" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(စ) ပုဒ်မ ၂၃၊ ပုဒ်မခွဲ(၁)ကို အောက်ပါအတိုင်း အစားထိုးရမည်–

"(1) Any boy not under sixteen years of age may be bound as an apprentice in the sea service to the owner of any ship registered in the Union of Myanmar to be employed in any such ship,being the property of such person, and while so employed to be taught the craft and duty of a seaman, and the provisions of the rules relating to apprentices made under this Act shall, subject to the provisions of this Act, apply accordingly."

(ဆ) ပုဒ်မ ၂၇၊ ပုဒ်မခွဲ(၁)၌ ပါရှိသော "except home-trade ships of a burden not exceeding three hundred tons" ဆိုသည့် စကားရပ်ကို "except near coastal voyage ships of gross tonnage not exceeding five hundred" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဇ) ပုဒ်မ ၃၇–ခ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"Employment of children

37-B No young person under sixteen years of age shall be engaged or carried to sea to work in any capacity in any ship registered in the Union of Myanmar, and no young seaman under sixteen years of age shall be engaged or carried to sea to work in any capacity in any foreign ship, except:

(a) in a school-ship, or training-ship in accordance with the prescribed conditions; or

(b) in a ship in which all persons employed are members of one family; or

(c) in a near coastal voyage ship of gross tonnage not exceeding five hundred;or

(d) where such young person is to be employed on nominal wages and will be in the charge of his father or other adult near male relative."

(ဈ) ပုဒ်မ ၂၅၁၊ ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲငယ်(ခ) အောက်ပါအတိုင်း အစားထိုးရမည်–

"(b) if the master. mate or Engineer holds a certificate under any of the Merchant Shipping Acts, in the following cases:-

(i) where the incomperency or misconduct has occurred on a Myanmar flagged ship on or near the coasts of the Union of Myanmar, or on boarda Myanmar flagged ship in the course of a voyage to a port outside of Myanmar waters;

(ii) where the incompetency or misconduct has occurred on board a ship registered in the Union of Myanmar;

(iii) where the master, mate or engineer of a ship, who is charged with incompetency or misconduct on board that ship, is found in the Union of Myanmar;"

(ည) ပုဒ်မ ၂၆၀၊ ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲငယ်(က)နှင့်(ခ)တို့ကို အောက်ပါအတိုင်း အစားထိုးရမည်–

"(a) if, on any investigation made under the Merchant Shipping Acts, or on any investigation made by any Court or tribunal for the time being authorized by the legislative authority in the Union of Myanmar to make inquiry into charges of incompetency or misconduct on the part of masters, mates or engineers of ships, or as to shipwrecks or other casualties affecting ships, the Court or tribunal reports that the master, mate or engineer is incompetent or has been guilty of any gross act or misconduct, drunkenness or tyranny, or that the loss, stranding or abandonment of, or damage to, any ship, or loss of life has been caused by his wrongful act or default:

(b) if he is proved to have been convicted of any offence which, if committed in the Union of Myanmar, would be non-bailable."

၆။ မြန်မာနိုင်ငံ ကုန်သည်သင်္ဘော အက်ဥပဒေတွင်–

(က) ပုဒ်မ ၁၂၂၊ ပုဒ်မ ၁၂၄ နှင့် ပုဒ်မ ၂၂၄–က တို့၌ ပါရှိသော ငွေပမာဏများကို "kyats 10,000"ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

(ခ) ပုဒ်မ ၄၀၊ ၇၁၊ ၁၁၃၊ ၁၁၄၊ ၁၁၅၊ ပုဒ်မ ၁၁၆၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၂၂၀၊ ၂၂၁၊ ၂၂၂၊ ၂၂၄–ခ၊ ၂၂၉၊ ၂၄၅–ဇ၊ ၂၄၅–တ၊ ၂၇၄ နှင့် ၂၈၄ တို့၌ပါရှိသော ငွေပမာဏများကို "kyats 100,000" ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

(ဂ) ပုဒ်မ ၂၂၄–ဃ ၌ ပါရှိသော ငွေပမာဏကို "kyats 500,000" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ။

The Commerce Journal အတွဲ(၇) အမှတ်(၃) ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၇

The Commerce Journal အတွဲ(၇) အမှတ်(၃)ကို ဖြန့်ချိလိုက်ပြီဖြစ်သည်။ အဆိုပါဂျာနယ်တွင် ဇန်းမော်၊ လွယ်ဂျယ်ကားလမ်းမှ တစ်ဆင့် တရုတ် နိုင်ငံသို့ ကုန်ပစ္စည်း တင်ပို့ရောင်းချနိုင်ပြီ၊ အများပိုင်ကုမ္ပဏီဆိုသည်မှာ၊ တရားဝင် ခွင့်ပြုထားသည့်ပစ္စည်းများ အကောက်ခွန်မဲ့ ခိုးသွင်းနေသည့် ဖြစ်ရပ်များ၊ Import First ကောလာဟလသတင်းမမှန်၊ Earning ကိစ္စ ကောလာဟလ သတင်း မဟုတ်မမှန်၊ မန္တလေးမှ ငွေနှင်းမှို ပြည်ပတင်ပို့၊ မိုးပျံအာဝါးရေတ်၊ တရုတ်ပြည်တင်ပို့နေရတဲ့ မာလာဥ၊ မိုလ်ဘိုင်းဖုန်းကျင့်ဝတ်၊ ကျည်ဆန်စပါး၊ ကမ္ဘာ့ရေးအကျဆုံး ဆန်ကိုတွေ့ရှိ၊ တရုတ်ပြည်မှအဝယ်လိုက်နေတဲ့ သစ်ခွဖယောင်း ပျော့ရိုးတံများ၊ ရန်ကုန်ကားဈေးကွက်၊ ရန်ကုန်ခြံမြေ ဈေးနှုန်းသုံးသပ်ချက်၊ ဒါရိုက်တာဆန့်ဟီးနဲ့ မင်းသမီးဘုန်ဆွန် တို့သတင်းများ ပါဝင်သည်။ ထို့ပြင် မောင်စူးစမ်း၊ မောင်တိုင်ပင်၊ မောင်မောင်ရီ(ဘောဂဗေဒ)၊ ကြည်မင်း၊ ဦးဟန်ထွန်း၊ အောင်သင်း၊ ကြည့်ရှုန်း၊ ဟံသာထွန်းတို့၏ အထူးဆောင်းပါးများ၊ ဈေးနှုန်း ညှိနှိုင်းသတ်မှတ်ရေးအဖွဲ့မှ အတည်ပြုသော သွင်းကုန်ဈေးနှုန်းများ၊ နယ်စပ်မှ တင်ပို့မည့် လယ်ယာထွက်ကုန်အခြေခံ ဈေးနှုန်းများ၊ ပြည်တွင်းပြည်ပ ဈေးကွက် သတင်းများ၊ ရန်ကုန်မြို့၏ အခြေခံစားကုန်နှင့် လူသုံးကုန် ဈေးနှုန်းများ၊ နယ်စပ်ကုန်သွယ်ရေး စခန်းအလိုက် အများဆုံးပို့ကုန်၊ သွင်းကုန် ပစ္စည်းစာရင်းများဖြင့် အချက်အလက် ခိုင်မာစွာ ဝေဝေဆာဆာထုတ်ဝေကာ တစ်ပြည်လုံးသို့ ဖြန့်ချိထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များ တိုင်း၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ ဇန်နဝါရီ ၃၁ ရက်က ဆိပ်ကြီးခနောင်တိုမြို့နယ် ပြည်သူ့ဆေးရုံတွင် သန့်ရှင်းရေးဆောင်ရွက်ကြစဉ်။
(သတင်းဖော်ပြပြီး) (သတင်းစဉ်)

စာပေနှင့် စာနယ်ဇင်းအဖွဲ့သို့ စာပေရန်ပုံငွေလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၇

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့သို့ စာပေရန်ပုံငွေအဖြစ် အလှူငွေ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၁ နာရီက ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် ၃၇လမ်းထောင့်ရှိ စာပေဗိမာန် (ဒုတိယထပ်)ရှိ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အလှူငွေပေးအပ်ပွဲတွင် ကွယ်လွန်သူ စာရေးဆရာကြီး ဦးထင်ဖတ် (မောင်ထင်) အားရည်စူး၍ တစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် သားသမီး မြေး တစ်စုတို့က အလှူငွေကျပ်တစ် သိန်းပေး အပ်လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးတင်ခ(တက္ကသိုလ်တင်ခ) နှင့် ဦးသန်းမောင်(သန်းမောင်)နှင့် တာဝန်ရှိသူများက လက်ခံကြပြီးဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

8-2 (03) 1 2/8/07, 3:43 PM

လူငယ်လူရွယ်များကျန်းမာရေး ဗဟုသုတများတိုးပွားစေရန် အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ဗဟုသုတပွဲတော်ကျင်းပမည်

တွေ့ဆုံမေးမြန်းသူ - မြင့်မောင်စိုး၊ ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၇

အေအိုင်ဒီအက်စ်ရောဂါသည် ကမ္ဘာ့ပြည်သူများ၏ ကျန်းမာရေးကို ခြိမ်းခြောက်လျက်ရှိသည်။ နှစ်စဉ် အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါကြောင့် ကမ္ဘာပေါ်တွင် သန်းနှင့်ချီ၍ သေဆုံးလျက်ရှိသည်။

ထိုသို့ ပြည်သူ့ကျန်းမာရေးကို ခြိမ်းခြောက်လျက်ရှိသည့် အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါသည် ယနေ့ လူငယ်လူရွယ်များတွင် အဖြစ်များလေ့ရှိသည်။

ပံ့ပိုးမှုဖြင့်

အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါအကြောင်း လူငယ်လူရွယ်များ အသိပညာ ဗဟုသုတများတိုးပွားလာစေရန်ရည်ရွယ်လျက် မြန်မာနိုင်ငံဆရာဝန်အသင်းကကြီးမှူး၍ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ ပံ့ပိုးမှုဖြင့် အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ဗဟုသုတပွဲတော်ကို ဖေဖော်ဝါရီ၉ရက်နှင့် ၁၀ရက်များတွင်နံနက်၉နာရီမှ ညနေ ၄နာရီအထိ ရန်ကုန်မြို့သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းဝင်း အတွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသတင်းအကြောင်းအရာနှင့် စပ်လျဉ်း၍ အကျယ်တဝင့်ပြည်သူများအား တင်ပြပေးနိုင်ရန်အတွက် မြန်မာ့အလင်းသတင်းအဖွဲ့က တာဝန်ရှိသူများနှင့် သွားရောက် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

တက်ရောက်နိုင်ကြ

ရှေးဦးစွာ မြန်မာနိုင်ငံ ဆရာဝန်အသင်း အမှုဆောင်ညွှန်ကြားရေးမှူး ဒေါက်တာခိုင်စိုးဝင်းက ပြောကြားရာတွင် မြန်မာနိုင်ငံ ဆရာဝန်အသင်းအနေဖြင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ ပံ့ပိုးမှုဖြင့် ဆယ်ကျော်သက် လူငယ်လူရွယ်များ ကျန်းမာရေးအသိပညာနှင့် ဗဟုသုတများ၊ လူမှုဆက်ဆံရေးအသိပညာများ၊ သိသင့် သိထိုက်သည်များ လေ့ကျင့်သင်ကြားပေးနေကြောင်း၊ ယင်းသို့လေ့ကျင့် သင်ကြားပေးရာတွင် အခြေခံသင်တန်း၊ ခေါင်းဆောင်သင်တန်းနှင့် ဦးဆောင်မှုသင်တန်းများဖြစ်ကြောင်း၊ ၎င်းသင်တန်းများကို မြန်မာနိုင်ငံဆရာဝန်အသင်းက ဖွင့်လှစ်သင်ကြားပေးခဲ့သည်မှာ သုံးနှစ်ကျော် လေးနှစ်အတွင်းရောက်လာပြီဖြစ်ကြောင်း၊ သင်တန်းကာလမှာ အခြေခံ ခြောက်ရက်၊ ခေါင်းဆောင်သုံးရက်နှင့်ဦးဆောင်မှုသင်တန်းသုံးရက်ဖြစ်ကြောင်း၊ သင်တန်းကို အသက် ၁၅ နှစ်မှ အသက် ၂၄ နှစ်ရှိ စိတ်ပါဝင်စားသူတိုင်း တက်ရောက်နိုင်ကြောင်း မြန်မာ့အလင်းသို့ ပြောကြားသည်။

ဒုတိယခြေလှမ်း

အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ပညာပေးသီချင်းပြိုင်ပွဲကို ဇန်နဝါရီ ၁၂ ရက်က ပတ်ရိုင်ရယ် ရန်ကုန်ဟိုတယ်၌ ကျင်းပခဲ့ကြောင်း၊ ၎င်းသီချင်းပြိုင်ပွဲတွင် ဆန်ကာတင် ၁၀ ဦးရွေးချယ်ပြီး ဆုများပေးအပ်ခဲ့ကြောင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်းအနေဖြင့် ဒုတိယမြောက်ခြေလှမ်းအဖြစ် အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ဗဟုသုတပွဲတော်ကို ကျင်းပသွားရန် ယခုကဲ့သို့ စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း ဒေါက်တာခိုင်စိုးဝင်းက မြန်မာ့အလင်းသို့ ဆက်လက်ရှင်းပြသည်။

ယခုပြုလုပ်မည့် အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ဗဟုသုတပွဲတော်တွင် ပြခန်း သုံးခုရှိကြောင်း၊ ပြခန်းဆောင် (A)တွင် ဖွင့်ပွဲကျင်းပရန် ဖေဖော်ဝါရီ ၉ ရက်နံနက်ပိုင်းမှစပြီး တစ်မနက်လုံး အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ဆိုင်ရာ သတင်းအချက်အလက်များကို ကွန်ပျူတာ Slide Show ဖြင့် ပြသထားမည်ဖြစ်ကြောင်း၊ မွန်းလွဲပိုင်း ၂ နာရီမှညနေ ၄ နာရီအထိ ၎င်းခန်းမ(A)၌ပင် ပြုစုပျိုးထောင်ထားသည့် အေအိုင်ဒီအက်စ်ပညာပေး အငြိမ့်ဖျော်ဖြေတင်ဆက်မည်ဖြစ်ကြောင်း၊ ထို့အပြင် အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ပညာပေးပြိုင်ပွဲဆုရ သီချင်းများဖြင့်လည်း သီဆိုဖျော်ဖြေပေးမည် ဖြစ်ကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

လျှို့ဝှက်စွာမေးမြန်းနိုင်

ခန်းမဆောင်(B)တွင် လာရောက်ကြသည့် လူငယ်လူရွယ်များအနေဖြင့် အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်

အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ဗဟုသုတပွဲတော်နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ ဆရာဝန်အသင်းမှ ဒေါက်တာနေဝင်းက မြန်မာ့အလင်းသို့ ဤသို့ရှင်းပြသည်။

ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး (မြန်မာ့အလင်း)

အကြောင်းနှင့်ပတ်သက်၍ အမျိုးသမီး ဆရာဝန်၊ အမျိုးသားဆရာဝန်များနှင့် လျှို့ဝှက်စွာ မေးမြန်းနိုင်ရန် စီစဉ်ပေးထားကြောင်း၊ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်နှင့် ပတ်သက်၍ ရှက်စရာ ကြောက်စရာမလိုဘဲ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်မည့် အခွင့်အလမ်းဖြစ်ကြောင်း သိရသည်။

ကွင်းထဲမှာပြခန်း

ထို့အပြင် ကွင်းထဲမှာလည်း ပြခန်း လေးခန်း ခင်းကျင်းပြသထားမည်ဖြစ်ကြောင်း၊ ယင်းတို့မှာ မြန်မာနိုင်ငံ ဆရာဝန်အသင်းပြခန်း၊ လူငယ်ဖွံ့ဖြိုးမှုအစီအစဉ်ပြခန်း၊ မာရီစတုပ်(စ်)ပြခန်း၊ အေအိုင်ဒီအက်စ် တိုက်ဖျက်ရေး မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းများ၏ ပူးပေါင်းဆောင်ရွက်မှုပြခန်းများ ပါဝင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆရာဝန်အသင်းမှ ဒေါက်တာနေဝင်းက မြန်မာ့အလင်းသို့ ပြောကြားသည်။

ယင်းပြခန်းလေးခန်းစလုံးတွင် အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ပညာပေးဗဟုသုတအချက်အလက်များ ရရှိစေရန် ပြသထားခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

အဆိုပါပြခန်းလေးခုနှင့် ပြခန်းအနေနှင့်ဘီခန်းမှ ရရှိသော ဗဟုသုတများကို ပြပွဲလာသူများအနေဖြင့် ရှာဖွေမှတ်သားပြီးဥာဏ်စမ်းပဟေဠိဖြေဆိုနိုင်ကြောင်း၊ ဖြေဆိုပုံမှာ အပိုင်း သုံးပိုင်းရှိကြောင်း၊ အဆင့်တစ်တွင် ပြခန်းတွင်းရှိ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် သတင်း အချက်အလက်များကို ရှာဖွေလျက် အခြေခံအဆင့်အဖြစ် မေးခွန်းလေးတွေ ဖြေဆိုရမည်ဖြစ်ကြောင်း၊ အမှတ်အများဆုံးရသူများကို ပထမ၊ ဒုတိယနှင့် တတိယဆုများပေးမည်ဖြစ်ကြောင်း ဒေါက်တာနေဝင်းက ပြောကြားသည်။

ဉာဏ်စမ်းပဟေဠိအဆင့်နှစ် ဖြေဆိုရာတွင် အဆင့်တစ်တွင်ရမှတ် ၈၀ ရာခိုင်နှုန်းရရှိသူများ ဝင်ရောက် ဖြေဆိုနိုင်ကြောင်း၊ ယင်းအဆင့်နှစ်တွင် ကိုယ်တိုင်ထိတွေ့သိရှိသော အတွေ့အကြုံများ ပေါင်းစပ်ဖြေဆိုမည်ဖြစ်ကြောင်း သိရသည်။

မှန်ကန်သောအမူအကျင့်

အဆင့်သုံးပြိုင်ပွဲတွင် မှန်ကန်သောအမူအကျင့်ဆိုင်ရာ မေးခွန်းများကို အခြေခံလျက်ဖြေဆိုရမည်ဖြစ်ကြောင်း၊ အဆင့်တိုင်းတွင် ဆုများပေးမည်ဖြစ်ကြောင်း၎င်းကပြောကြားသည်။

ထို့အပြင် လာရောက်ကြသော လူငယ်လူရွယ်များ ပျော်ရွှင်စွာ အပန်းဖြေ နိုင်ရန်အတွက် ဂိမ်းစက်များလည်း ထားရှိပေးထားမည်ဖြစ်ကြောင်း၊ စားသောက်ဖွယ်ရာ ဆိုင်ခန်းများလည်း ဖွင့်လှစ်ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

လှူဒါန်း

အဆိုပါ ဂိမ်းစက်များမှဝင်ငွေ စားသောက်ဆိုင်များမှ အမြတ်ဝင်ငွေနှင့် အလှူခံပုံးမှ ဝင်ငွေများစုပေါင်း၍ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါကြောင့် မိဘမဲ့ဖြစ်ခဲ့ရသည့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိသုခရိပ်မြုံ မိဘမဲ့ကလေးများဂေဟာသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်းသိရသည်။

ဗဟုသုတ တိုးပွားနိုင်

သို့ဖြစ်၍ အဆိုပါအိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ဗဟုသုတပွဲတော်သည် လူငယ်လူရွယ်များအပြင် စိတ်ပါဝင်စားသူများအတွက် ကျန်းမာရေးအသိပညာ ဗဟုသုတများ၊ လူမှုရေး၊ အိမ်ထောင်ရေးဆိုင်ရာ ဗဟုသုတများ အမှန်တကယ် တိုးပွားနိုင်မည်ဖြစ်ရာ သွားရောက်ပါဝင်ဆင်နွှဲကြပါရန် အသိပေး တင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံဆရာဝန်အသင်းမှ ဖွင့်လှစ်ပို့ချသော လူငယ်လူရွယ် ဖွံ့ဖြိုးမှု အစီအစဉ် သင်တန်းသို့တက်ရောက်ခဲ့ကြသည့် လူငယ်လူရွယ်များ၏ မှတ်တမ်းဓာတ်ပုံကို ဤသို့ တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး (မြန်မာ့အလင်း)

မြန်မာ့အလင်း အင်တာနက်သတင်းအတိုအထွာ

အရှေ့တောင်အာရှဒေသ၌ တရားမဝင်သစ်ခုတ်လှဲနေမှုများကြောင့် သစ်တောများပြုန်းတီးပျက်စီးလာပြီး အိုရန်ဂူတန်မျောက်ဝံများ အသက်ဘေး အန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း ကုလသမဂ္ဂမှ အစီရင်ခံစာတစ်ရပ် ထုတ်ပြန်ထားသည်ကို ဖေဖော်ဝါရီ ၇ရက်က အင်တာနက်တွင် ဖော်ပြထားသည်။

အိုင်ဗရီကို့စ်၌ အလုပ်လုပ်နေသော ပြင်သစ်သံတမန်တစ်ဦးဖြစ်သည့် အသက်(၅၃)နှစ်အရွယ်ရှိ မိုက်ကယ်နီယာဆဲလ်ဆိုသူသည် သေနတ်ဖြင့် အပစ်ခံရပြီးသေဆုံးလျက်တွေ့ရကြောင်း ဖေဖော်ဝါရီ ၇ရက်က အင်တာနက် သတင်းအဖြစ် ဖော်ပြသည်။

အိန္ဒိယနိုင်ငံတွင် ကမ္ဘာတစ်ဝန်းမှ လေယာဉ်ကုမ္ပဏီ ၅၀၀ကျော်တို့ လေကြောင်းပြပွဲသို့ ရောက်ရှိလျက်ရှိရာ အိန္ဒိယနိုင်ငံ၏ လေကြောင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာသဖြင့် လေယာဉ်များ ရောင်းချနိုင်မည်ဖြစ်ကြောင်း မျှော်လင့်ထားကြောင်း ဖေဖော်ဝါရီ ၇ရက်က အင်တာနက်သတင်း တစ်ရပ်၌ ဖော်ပြသည်။

ဝေလတောင်ပိုင်း၌ စာအိတ်ဗုံးတစ်လုံး ပေါက်ကွဲခဲ့ရာ အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်ကို ဖေဖော်ဝါရီ ၇ရက်က အင်တာနက်တွင် သတင်းဖော်ပြသည်။

အိန္ဒိယနိုင်ငံတွင် ၁၉၉၃ခုနှစ်က မွမ်ဘိုင်းမြို့၌ ဗုံးပေါက်ကွဲမှုဖြစ်စဉ် ရုပ်ရှင်ကားကို လာမည့်သီတင်းပတ်အတွင်း အိန္ဒိယနိုင်ငံ၌ ရုံတင်ပြသသွားမည်ဖြစ်ကြောင်း အင်တာနက်သတင်းအဖြစ် ဖော်ပြသည်။

အပ်ပဲလ် ကွန်ပျူတာကုမ္ပဏီအကြီးအကဲစတိဗ်ဂျော့က ကမ္ဘာ့အကြီးဆုံး ကွန်ပျူတာကုမ္ပဏီများအား ဆော့ဖ်ဝဲလ်သုံးစရာမလိုဘဲ အွန်လိုင်း သီချင်းများစံချိန်တင် ရောင်းချပေးသွားရန် တိုက်တွန်းလိုက်ကြောင်း ဖေဖော်ဝါရီ ၇ရက်က အင်တာနက်တွင် ဖော်ပြသည်။

(အင်တာနက်)

ပုသိမ်အသင်း(ရန်ကုန်) မြတ်မော်တင်ဘုရားဖူးခရီးသွားရောက်မည်

ရန်ကုန် ဖေဖော်ဝါရီ ၇

နှစ်ထပ်ရေယာဉ်ကြီးဖြင့် မြတ်မော်တင် ဘုရားဖူးပွဲတော်သို့ ပုသိမ်အသင်း(ရန်ကုန်)ကကြီးမှူး၍ ဘုရားဖူးထွက်ရန် ခရီးစဉ်ကို မတ် ၁ ရက်(ကြာသပတေးနေ့) နံနက် ၉ နာရီတွင် လမ်းသစ်လမ်း ပုသိမ်ဇောတံတားမှ ထွက်ခွာမည်ဖြစ်သည်။ မတ် ၂ရက်(သောကြာနေ့)ညနေတွင် ဘုရားသို့ရောက်ကာ ညဘက်တွင် ဘုရားရင်ပြင်တော်ပေါ်၌ ဆီမီးကိုးထောင်ပူဇော်၍ ဘုရားတွင် တစ်ညအိပ်ပြီး မတ် ၃ ရက် (စနေနေ့) ညနေ ၄ နာရီတွင် ခမောက်မော်ဆိပ်ကမ်းမှ ပုသိမ်သို့ ပြန်လည်ထွက်မည်ဖြစ်ရာ မတ် ၄ ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်သို့ ပြန်ရောက်မည်ဖြစ်သည်။

ဆက်သွယ်နိုင်

ပုသိမ်အသင်း(ရန်ကုန်) အသင်းဝင်များ၊ ရပ်နီးရပ်ဝေးမှ ဘုရားဖူးလိုက်ပါလိုသော ဓမ္မမိတ်ဆွေများသည် ပုသိမ်အသင်း(ရန်ကုန်) အမှတ် ၂၀၂/၂၁၄ (ပထမထပ်) အခန်း ၁၂/၁၃ ဗိုလ်ဆွန်ပက်လမ်း ပန်းဘဲတန်းမြို့နယ် ဖုန်း-၃၇၉၂၅၈၊ ဦးလေးတင့်(ဘဏ္ဍာရေးမှူး) အမှတ်-၈၄၀ မဟာဗန္ဓုလလမ်း လမ်းမတော်မြို့နယ် ဖုန်း-၂၂၁၉၇၈၊ ၇၀၁၄၇၃ နှင့် ဦးလှိုင်ဝင်းရှိန် အမှတ်-၂၂၆ အထက်ပန်းဆိုးတန်းလမ်း ကျောက်တံတားမြို့နယ် ဖုန်း-၃၈၆၃၆၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**



ဖေဖော်ဝါရီ ၆ ရက်က အထက(၂) ရန်ကင်းတွင် ကျင်းပသော သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးနှင့် မီးငြိမ်းသတ်ရေး သင်တန်းဆင်းပွဲတွင် ကျောင်းသူတစ်ဦး သရုပ်ပြနေစဉ်။

(က-ပ)

✻ ရှေ့ဖုံးမှ

အဆိုပါတွေ့ဆုံပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီဝင်များဖြစ်ကြသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးချုပ် ဇော်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ငွေသိန်း၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ ခေတ္တနာယက ပြင်သစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Jean Michel Lacombe အမှူးပြုသော နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ UNDP, UNICEFနှင့် ICRCတို့မှ ဌာနေကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာတွင် ယခုရှင်းလင်းပွဲသို့ တက်ရောက်လာကြသူတို့အား အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်ထိန်းသိမ်းရေးကော်မတီ၏ ရည်မှန်းချက်နှင့် ဦးတည်ချက်များ၊ ဆောင်ရွက်ချက်များနှင့် တိုးတက်မှုအခြေအနေများကို အသိပေး ပြောကြားလိုကြောင်း၊ အရွယ်မရောက်သေးသူ ကလေးသူငယ်များကို စစ်သည်အဖြစ်

ရင်းရင်းနှီးနှီး နှုတ်ဆက်

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် UNDP, UNICEF နှင့် ICRC တို့မှ ဌာနေ ကိုယ်စားလှယ်များ အမှတ်(၁) တပ်မတော်စစ်သား စုဆောင်းရေးတပ်တွင် တပ်သားများအား ရင်းရင်းနှီးနှီး တွေ့ဆုံမေးမြန်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် UNDP, UNICEF နှင့် ICRC တို့မှ ဌာနေကိုယ်စားလှယ်များ အမှတ်(၁) စစ်အခြေခံ လေ့ကျင့်တပ်(ဖောင်ကြီး)တွင် တပ်သားသစ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံမေးမြန်းစဉ်။ (သတင်းစဉ်)

စုဆောင်းခြင်းကို ဟန့်တားကာကွယ်ရန်၊ အရွယ်မရောက်သေးသူ ကလေးသူငယ်များ၏ အကျိုးစီးပွားကို ကာကွယ်ပေးရန်နှင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား အကာအကွယ်ပေးရေးဆိုင်ရာ အမိန့်များနှင့် ညွှန်ကြားချက်များကို တိကျစွာလိုက်နာစေရန်တို့အတွက် မိမိဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခွင့်ရသော အဆိုပါကော်မတီကို ၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့က ဖွဲ့စည်းခဲ့ကြောင်း။

စီမံကိန်းချမှတ်

ကော်မတီ၏ ဦးတည်ချက်များကိုရရှိရန်အတွက် ကော်မတီသည် အသက်(၁၈)နှစ်မပြည့်သေးသော ကလေးသူငယ်များအား လက်နက်ကိုင်တပ်ဖွဲ့များသို့ စုဆောင်းခြင်းမပြုစေရန်အတွက် တင်းတင်းကျပ်ကျပ်စိစစ်ရန် လုပ်ငန်းစီမံကိန်းကို ချမှတ်ခဲ့ကြောင်း၊ ယင်းလုပ်ငန်းစီမံကိန်းတွင် တပ်သားသစ် စုဆောင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ စစ်မှုထမ်းအဖြစ်မှထုတ်ပယ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ သက်ဆိုင်ရာအသိုက်အဝန်းအတွင်းသို့ ပြန်လည်နေသားကျစေရန် ဆောင်ရွက်ခြင်း၊ အများပြည်သူသိရှိစေရန် ဆောင်ရွက်ချက်များ၊ ချိုးဖောက်သူများကို အရေးယူအပြစ်ပေးခြင်း၊ အစီရင်ခံတင်ပြခြင်း၊ အကြံပြုထောက်ခံချက်များ တင်ပြခြင်းနှင့် UNICEF၊ ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူးရုံးနှင့် ICRC တို့ အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ညှိနှိုင်းခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း စသည့် ပြည့်စုံသော ဆောင်ရွက်ချက်များပါဝင်ကြောင်း။

မိမိတို့ကော်မတီသည် အဆိုပါ လုပ်ငန်းစီမံကိန်းကို အကောင်အထည်ဖော်ခြင်းကို စနစ်တကျကြီးကြပ်ရန်အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများဖြစ်သော နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပါဝင်သော လုပ်ငန်းအဖွဲ့ကိုလည်း ဖွဲ့စည်းခဲ့ကြောင်း။

လွတ်လပ်စွာဆုံးဖြတ်

ကြည်းတပ်အပါအဝင် မြန်မာ့လက်နက်ကိုင်တပ်ဖွဲ့များသည် မိမိဆန္ဒအလျောက် ဝင်ရောက် စစ်မှုထမ်းဆောင်သောသူများဖြင့် ဖွဲ့စည်းထားသည့် တပ်ဖွဲ့များဖြစ်ကြောင်း၊ ယင်းသို့ ဝင်ရောက်လာသူများသည် ၎င်းတို့ကိုယ်တိုင် လွတ်လပ်စွာဆုံးဖြတ် ဝင်ရောက်လာကြခြင်းဖြစ်ကြောင်း၊ မြန်မာ့ကာကွယ်ရေးဌာန စစ်ကောင်စီညွှန်ကြားချက် အမှတ် ၁၃/၇၃ (၁၉၇၄)အရ အသက်(၁၈)နှစ်မပြည့်သေးသူကို လက်နက်ကိုင်တပ်ဖွဲ့များတွင် လက်ခံ၍မရကြောင်း၊ မည်သည့်ပုံစံဖြင့်ဖြစ်စေ၊ အဓမ္မစစ်မှုထမ်းစေခြင်းကို တင်းတင်းကျပ်ကျပ်တားမြစ်ကြောင်း၊ တပ်သားသစ်စုဆောင်းခြင်းဆိုင်ရာ အမိန့်များ၊ စည်းကမ်းများနှင့် ညွှန်ကြားချက်များကို တိတိကျကျလိုက်နာစေရန် ကြီးကြပ်မည့် ညွှန်ကြားရေးမှူးရုံး အသစ်ကိုလည်း ဖွဲ့စည်းတည်ထောင်ခဲ့ကြောင်း။

ပြန်လည်စေလွှတ်

မိမိတို့အနေဖြင့် စိစစ်ခြင်းနှင့် စစ်ဆေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုလည်း ပြဋ္ဌာန်းထားပြီး အနည်းဆုံး အသက်လိုအပ်ချက် မပြည့်သေးသူများ (သို့မဟုတ်) အခြားအရည်အချင်းသတ်မှတ်ချက် မပြည့်မီသူများအား လက်နက်ကိုင်တပ်ဖွဲ့များတွင် လက်မခံဘဲ ပြန်လည်စေလွှတ်ခဲ့ကြောင်း၊ သို့ဖြစ်ရာ လိုအပ်ချက်များမပြည့်မီသဖြင့် ၂၀၀၄ ခုနှစ်မှ ၂၀၀၆ ခုနှစ်အတွင်း ၅၆၇ ဦးကို လက်မခံဘဲ ပြန်လည်စေလွှတ်ခဲ့ကြောင်း။

မြန်မာနိုင်ငံသည် လက်နက်ကိုင်ပဋိပက္ခဖြစ်နေသော အခြေအနေတွင် ရှိနေသည့်နိုင်ငံ လုံးဝမဟုတ်ကြောင်းကို မိမိပြောကြားလိုကြောင်း၊ လက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခြင်းဖြင့် နိုင်ငံအတွင်း မကြုံစဖူးသော ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုကိုရရှိနေကာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကိုလည်း သိသိသာသာရရှိနေပြီဖြစ်ကြောင်း၊ မိမိတို့သည် ယခုအခါ ဒီမိုကရေစီ လူ့ဘောင်တည်ထောင်ရန်အတွက် နိုင်ငံရေးလမ်းညွှန်ချက် (၇)ချက်ကို စနစ်တကျ အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသော လက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့၏ ကိုယ်စားလှယ်များ အပါအဝင် လူတန်းစားအလွှာအသီးသီးမှ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံလုပ်ငန်းစဉ်တွင် ပါဝင်လျက်ရှိကြကြောင်း။

သန္နိဋ္ဌာန်ချမှတ်

အရေးကြီးသော ကလေး စစ်သည်ငယ်ကိစ္စအပါအဝင် ကလေးသူငယ်များအား အကာအကွယ်ပေးရေးကိစ္စကို ဆောင်ရွက်မည်ဟု မြန်မာနိုင်ငံက အလေးအနက် သန္နိဋ္ဌာန်ချမှတ်ထားကြောင်း၊ ဤကိစ္စနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် သက်ဆိုင်ရာ ကုလသမဂ္ဂအေဂျင်စီများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းကို အသိပေးလိုကြောင်း၊ တပ်သားသစ်စုဆောင်းခြင်းကို မည်သို့ဆောင်ရွက်သည်ကို ယင်းကုလသမဂ္ဂအေဂျင်စီများအနေဖြင့် ကိုယ်တိုင်ကိုယ်ကျမြင်တွေ့ လေ့လာစေနိုင်ရန်အတွက် ရန်ကုန်နှင့် မန္တလေးမြို့များရှိ တပ်သားသစ်စုဆောင်းရေးစခန်းများသို့ မိမိတို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ပွင့်လင်းမြင်သာသည့် စိတ်ဓာတ်ဖြင့် ယင်းတို့နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်လိုသည့် ဆန္ဒကို မိမိအနေဖြင့် ယခု ထပ်လောင်းပြောကြားလိုကြောင်း။

မိမိပြောကြားပြီးသည့်နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးက ကုလသမဂ္ဂအေဂျင်စီများနှင့် ပူးပေါင်းဆောင်ရွက်နေသည့်ကိစ္စများကို အကျဉ်းချုပ်ရှင်းလင်းပြောကြားမှာဖြစ်ပြီး တပ်မတော်မှ တာဝန်ရှိသူများကလည်း တပ်သားသစ်စုဆောင်းခြင်း၊ စည်းမျဉ်းစည်းကမ်းများနှင့် ညွှန်ကြားချက်များနှင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်ထိန်းသိမ်းရေးကော်မတီ၏ လှုပ်ရှားဆောင်ရွက်ချက်များကို တင်ပြကြမှာဖြစ်ကြောင်း။ ယနေ့အစီအစဉ် အပြီးသတ်အနေနှင့် ယခုတက်ရောက်လာသူများကို တပ်သားသစ်စုဆောင်းသည့် စခန်းတစ်ခုနှင့် လေ့ကျင့်ရေးစခန်းတစ်ခုကို ပို့ဆောင်ပြသရန် စီစဉ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းက ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ငွေသိန်းက တပ်မတော်တပ်သားသစ် စုဆောင်းရေးဆိုင်ရာ စည်းမျဉ်း၊ ညွှန်ကြားချက်များ၊ ကျင့်သုံးဆောင်ရွက်ခြင်းနှင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီ၏ ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီဝင် ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးချုပ်ဇော်ဝင်းက တပ်မတော်၏ တပ်သားသစ် လေ့ကျင့်ရေးဆိုင်ရာ စည်းမျဉ်း၊ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် သံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

လိုက်နာဆောင်ရွက်

ရှင်းလင်းပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ ခေတ္တနာယက ပြင်သစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Jean Michel Lacombe အမှူးပြုသော နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ UNDP, UNICEF နှင့် ICRC တို့မှ ဌာနေကိုယ်စားလှယ်များသည် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေး ကော်မတီဝင်များဖြစ်ကြသော ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးချုပ်ဇော်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ငွေသိန်း၊ တာဝန်ရှိသူများနှင့်အတူ အင်းစိန်မြို့နယ်(ဒညင်းကုန်း)ရှိ အမှတ်(၁) တပ်မတော်စစ်သားစုဆောင်းရေးတပ်သို့ ရောက်ရှိကြရာ တပ်မှူး ဒုတိယဗိုလ်မှူးကြီးသန်းထူးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တပ်မတော် စစ်သားစုဆောင်းရေးဆိုင်ရာ စည်းမျဉ်း၊ ညွှန်ကြားချက်များ လိုက်နာဆောင်ရွက်ခြင်းနှင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီ၏ ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့

8-2 (05) 1 2/8/07, 3:43 PM

❑ *ကျော်ဖုံးမှ*

အဆိုပါသဘောထားကြေညာချက်များအနက် အိုလမာအစ္စလာမ်သာသနာ့ပညာရှင်များအဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်နှင့် အစ္စလာမ်သာသနာရေးရာကောင်စီဌာနချုပ်၏ သဘောထားထုတ်ပြန်ကြေညာချက် အပြည့်အစုံတို့မှာ အောက်ပါအတိုင်းဖြစ်သည်- **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် အိုလမာ-အစ္စလာမ်သာသနာ့ပညာရှင်များအဖွဲ့ချုပ် ဘာသာရေးကို ခုတုံးလုပ်၍ ပြည်ထောင်စု မြန်မာနိုင်ငံတော် ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်ရန် ကြိုးပမ်းဆောင်ရွက်နေသော ပြည်ပနိုင်ငံကြီးများ၏ လုပ်ရပ်များနှင့် စပ်လျဉ်း၍ သဘောထားထုတ်ပြန်ချက်

(၁) ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရေးအတွက် အမေရိကန်နှင့် ဗြိတိန်တို့ ပူးပေါင်းပြီး ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်မူကြမ်း တင်သွင်းခဲ့သော်လည်း လုံခြုံရေးကောင်စီ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့မှ Double Vetoဖြင့် ကန့်ကွက်ပယ်ချခဲ့ခြင်းကြောင့် ၎င်းတို့၏ အကြံမအောင်မြင်ခဲ့ပါ။

(၂) တစ်ဖန် အမေရိကန်နှင့် ဗြိတိန်တို့သည် ဘာသာရေးကို ခုတုံးလုပ်ပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် ဆက်လက်ကြိုးပမ်းနေကြောင်း သိရှိရပါသည်။

(၃) ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ဘာသာကြီးလေးရပ်ဖြစ်သော ဗုဒ္ဓဘာသာ၊ အစ္စလာမ်ဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာတို့သည် မြန်မာနိုင်ငံလွတ်လပ်ရေးမရမီမှ ယနေ့တိုင် တစ်ဘာသာနှင့် တစ်ဘာသာ ချစ်ခင်ရင်းနှီးစွာ အပြန်အလှန်နားလည်မှု၊ ရိုင်းပင်းကူညီမှုများဖြင့် သဟဇာတရှိစွာ ယှဉ်တွဲဆက်ဆံနေထိုင်ခဲ့ကြပါသည်။ ဝတ်ပြုကိုးကွယ်မှုဆိုင်ရာ ကိစ္စရပ်များအတွက်လည်း လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်အရ ဗလီဝတ်ကျောင်းများ၊ Church ဘုရားကျောင်းများ၊ စေတီပုထိုးများ၊ ကျောင်းကန်ဇရပ်များနှင့် ဘုံကျောင်းများ မြန်မာနိုင်ငံအနှံ့အပြားတွင် တည်ရှိနေပါသည်။

(၄) အမေရိကန်နိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့က ဘာသာရေးကို အကြောင်းပြု၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် ကြံစည်သော လုပ်ရပ်များသည် နည်းလမ်းမှန်ကန်သော လုပ်ရပ်များမဟုတ်ကြောင်း၊ အိုလမာ-အစ္စလာမ်သာသနာ့ပညာရှင်များအဖွဲ့ချုပ်အနေဖြင့် လက်မခံနိုင်ကြောင်းဖြင့် သဘောထားထုတ်ပြန်အပ်ပါသည်။

အိုလမာ-အစ္စလာမ်သာသနာ့ပညာရှင်များအဖွဲ့ချုပ်။

အစ္စလာမ်သာသနာရေးရာကောင်စီဌာနချုပ်၏ သဘောထားထုတ်ပြန်ကြေညာချက် (၂/၂၀၀၇) (Chirstian Solidarity Worldwide (CSW) ၏ အစီရင်ခံစာနှင့် ပတ်သက်၍ ထုတ်ပြန်ကြေညာခြင်း)

၁။ မြန်မာနိုင်ငံတွင် ဟိန္ဒူသာသနာ၊ ဗုဒ္ဓသာသနာ၊ ခရစ်ယာန်သာသနာနှင့် အစ္စလာမ်သာသနာ စသည့် ဘာသာ သာသနာ အယူဝါဒ အသီးသီးတို့သည် လွန်ခဲ့သော နှစ်ပရိစ္ဆေဒ ကြာမြင့်စွာမှအစပြု၍ ရောက်ရှိထွန်းကားခဲ့ပြီး ၎င်းဘာသာဝင်အသီးသီးတို့သည် စည်းလုံးညီညွတ်စွာဖြင့် အေးချမ်းစွာ အတူတကွ ယှဉ်တွဲနေထိုင်လျက်ရှိကြပါသည်။

၂။ ထိုသို့ အေးချမ်းစွာ တည်ရှိနေသည့် အခြေအနေတွင် (၂၃-၁-၂၀၀၇)ရက်စွဲဖြင့် Christian Solidarity Worldwide (CSW) အဖွဲ့က အစီရင်ခံစာတစ်ရပ် ထုတ်ပြန်ရာတွင် မြန်မာနိုင်ငံ၌ ဘာသာရေးလွတ်လပ်မှုကို နေရာအနှံ့ ချုပ်ချယ်မှုရှိကြောင်း၊ ဘာသာရေး လူနည်းစုများကို ခွဲခြားခြင်းရှိကြောင်း၊ ခရစ်ယာန်များနှင့် မွတ်စလင်များအား အကြမ်းဖက်နှိပ်စက်ခြင်းများရှိကြောင်း၊ ဗုဒ္ဓဘာသာ ရဟန်းသံဃာတော်များနှင့် သီလရှင်များကို ဖမ်းဆီးထောင်ချခြင်းများရှိကြောင်း၊ မြန်မာအစိုးရက ဘုရားကျောင်းများနှင့် လက်ဝါးကပ်တိုင်များကို ဖျက်ဆီးခဲ့ကြောင်း၊ ဘုရားကျောင်းများ ပြန်လည်ပြင်ဆင်ခွင့် မရစေရေးအတွက် ခက်ခဲအောင်ပြုလုပ်ထားကြောင်း စွပ်စွဲဖော်ပြ၍ မြန်မာနိုင်ငံမှာ ဘာသာရေးလွတ်လပ်မှု ကျယ်ကျယ်ပြန့်ပြန့် ဖျက်ဆီးခံရခြင်းအတွက် United Nations Special Rapporteur for Freedom of Religion and Belief က စုံစမ်းစစ်ဆေးပေးရန် တိုက်တွန်းကြောင်း ဖော်ပြပါရှိကြောင်း သိရှိရပါသည်။

၃။ ၎င်းအစီရင်ခံစာ၌ ဖော်ပြပါရှိချက်များသည် မြန်မာနိုင်ငံ၏ ပကတိအခြေအနေများနှင့် လုံးဝကွဲလွဲလျက်ရှိနေပေသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် သာသနာရေးဝန်ကြီးဌာနအား ဖွဲ့စည်းထားရှိ၍ ဟိန္ဒူသာသနာ၊ ဗုဒ္ဓသာသနာ၊ ခရစ်ယာန်သာသနာနှင့် အစ္စလာမ်သာသနာတို့၏ နိုင်ငံလုံးဆိုင်ရာ အဖွဲ့အစည်းများအား ဆက်သွယ်၍ သာသနာရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ နိုင်ငံတော်အစိုးရက သာသနာ့ထောက်ပံ့ကြေးငွေများ ထောက်ပံ့ချီးမြှင့်ခြင်း၊ သာသနိက အဆောက်အအုံများ ပြုပြင်ရန်လိုအပ်သော ထောက်ခံခွင့်ပြုမှုများ၊ ပြုလုပ်ပေးခြင်း၊ ဘာသာရေးပွဲတော်များ ကျင်းပနိုင်ရန်လိုအပ်သော အစီအမံများ ဆောင်ရွက်ပေးခြင်း ၊ နိုင်ငံတကာ ဘာသာရေးညီလာခံများ တက်ရောက်နိုင်ရန် စီမံဆောင်ရွက်ပေးခြင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် တရားရုံးများတွင်လည်း သက်ဆိုင်ရာ ဘာသာဓလေ့ထုံးတမ်းအရ စီရင်ဆောင်ရွက်ခြင်းစသဖြင့် လိုအပ်သော ကူညီထောက်ပံ့မှုများကို ဆောင်ရွက်ပေးလျက်ရှိသည်မှာ အထင်အရှားဖြစ်သဖြင့် (CSW) အဖွဲ့၏ အစီရင်ခံစာတွင် ပါရှိချက်များသည် မှားယွင်းကြောင်း သိသာထင်ရှားပေါ်လွင်ပါသည်။

၄။ ထိုအစီရင်ခံစာ၌ ဖော်ပြပါရှိချက်များသည် မြန်မာနိုင်ငံ၏ ပကတိအခြေအနေနှင့် ဆန့်ကျင်လျက်ရှိသဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံ၏ တည်ရှိနေပြီးသော ဘာသာပေါင်းစုံ ချစ်ကြည်မှုကို ထိခိုက်စေရန် ဆောင်ရွက်ခြင်း ဖြစ်သဖြင့်လည်းကောင်း၊ **“ဘာသာရေး”**ကို **“နိုင်ငံရေး”**အတွက် ခုတုံးလုပ်အသုံးချရန် ကြံရွယ်ဆောင်ရွက်ခြင်း ဖြစ်သဖြင့်လည်းကောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစ္စလာမ်သာသနာရေးရာကောင်စီဌာနချုပ်က ၎င်းအစီရင်ခံစာအား လုံးဝလက်မခံနိုင်ကြောင်းနှင့် ကန့်ကွက်ပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
ပြည်ထောင်စု မြန်မာနိုင်ငံတော်၊
အစ္စလာမ်သာသနာရေးရာကောင်စီဌာနချုပ်

ရက်စွဲ၊ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ (၃၀)ရက်။

စာမျက်နှာ ၅ မှ

ကြည့်ရှုလေ့လာ

ယင်းနောက် သံတမန်များနှင့် UNDP, UNICEF နှင့် ICRC တို့မှ ဌာနေကိုယ်စားလှယ်များသည် အမှတ်(၁) တပ်မတော်စစ်သားစုဆောင်းရေးတပ်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြပြီး တပ်သားသစ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ သိရှိလိုသည်များကို မေးမြန်းကြသည်။

ထိုမှတစ်ဆင့် သံတမန်များ၊ UNDP, UNICEF နှင့် ICRC တို့မှ ဌာနေကိုယ်စားလှယ်များသည် လှည်းကူးမြို့နယ်ရှိ အမှတ်(၁) စစ်အခြေခံလေ့ကျင့်ရေးတပ်(ဖောင်ကြီး)သို့ရောက်ရှိကြရာ ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးချုပ်ဇော်ဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး တပ်မတော်၏ တပ်သားသစ်လေ့ကျင့်ရေးဆိုင်ရာ စည်းမျဉ်း၊ ညွှန်ကြားချက်များကို ထပ်မံ ရှင်းလင်းပြောကြားသည်။

တွေ့ဆုံမေးမြန်း

ယင်းနောက် သံတမန်များနှင့် UNDP, UNICEF နှင့် ICRC တို့မှ ဌာနေကိုယ်စားလှယ်များသည် အမှတ်(၁) စစ်အခြေခံလေ့ကျင့်ရေးတပ်(ဖောင်ကြီး) အတွင်း လှည့်လည် ကြည့်ရှုလေ့လာကြပြီး တပ်သားသစ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ သိရှိလိုသည်များကို မေးမြန်းကြသည်။ **(သတင်းစဉ်)**

သဲအင်းဂူ ငါးရက်တရားစခန်း

ရန်ကုန် ဖေဖော်ဝါရီ ၇

ဒဂုံမြို့သစ် (မြောက်ပိုင်း) ၁၆ ရပ်ကွက် သာသနာဒီပ သဲအင်းဂူ ဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ လစဉ်ကျင်းပမြဲဖြစ်သော အဓိဋ္ဌာန်းတရားစခန်းပွဲကို ကျေးဇူးတော်ရှင် မူလသဲအင်းဂူဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဘဒ္ဒန္တမုနိန္ဒ (ကျိုက်ဝိုင်း)၊ ဘဒ္ဒန္တဇဋိလ (ရန်မျိုးအောင်)၊ ဘဒ္ဒန္တသီရိန္ဒ၊ အရှင်သုနန္ဒ (သာသနဒီပဆရာတော်များ)က တပေါင်းလဆန်း၁ ရက်မှ တပေါင်းလဆန်း ၅ ရက်အထိ (ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၀ရက်) အထိ ငါးရက်တိုင်တိုင် ဟောကြားပို့ချပြသမည်ဖြစ်သည်။ ဝင်ရောက်အားထုတ်လိုသူများ တပို့တွဲလကွယ်နေ့ ညနေအရောက် မှတ်ပုံတင်နှင့်တကွ စာရင်းပေးသွင်းလာရောက် အားထုတ်နိုင်၍ ဖုန်း-၇၀၉၈၉၁ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (၃၅၂)

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြန်မာ့ရုပ်မြင်သံကြား

၈-၂-၂၀၀၇ ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၁၀ ၆။ အကပဒေသာ
- ၈:၂၀ ၇။ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Let's Go
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၀ ၄။ တေးဂီတအစီအစဉ်
- ၁၆:၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (သမိုင်းအထူးပြု) [သမိုင်း]
- ၁၇:၁၀ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၁၇:၂၀ ၇။ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၁၇:၃၀ ၈။ စည်းကမ်းလိုက်နာ ဘေးကင်းကွာ (လူကူးမျဉ်းကျားမှ ကူးမယ်)
- ၁၇:၃၅ ၉။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
- ၁၇:၄၀ ၁၀။ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၁၇:၅၀ ၁၁။ လူသတ်၊ မီးရှို့၊ မိုင်းထောင်နေသော အကြမ်းဖက်သောင်းကျန်းမှုအန္တရာယ် စက်ကွင်းမှ ပြည်သူလူထု လွတ်ကင်းအောင် ကာကွယ်စောင့်ရှောက်လျက်ရှိသည် (အပိုင်း-၂)
- ၁၈:၀၀ ၁၂။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၃။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၄။ သီရိဂေဟာ
- ၁၉:၀၀ ၁၅။ Discovery.
- ၁၉:၁၀ ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **“အချစ်ဆိုသည်မှာ”** (အပိုင်း-၂၀)
- ၁၉:၅၀ ၁၇။ ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရင့်သန် ခိုင်မာရန်မှာ ဒို့ဝန်တာ(အသီးတစ်ရာ အညွှာတစ်ခု ဒို့ပြည်ထောင်စု)
- ၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **“အကြင်နာနွေဦး”** (အပိုင်း-၁၀)
- ၂၂။ နောက်တစ်နေ့အစီအစဉ်
- ၂၃။ အစီအစဉ်ပြီး၏။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၂-၂၀၀၇ (ကြာသပတေးနေ့)

- ၇:၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
- ၇:၀၅ မိဘကျေးဇူးအကျေဆပ်နည်း တရားတော် (အရှင်အာစာရာလင်္ကာရ ဆရာတော်) (အပိုင်း-၁)
- ၇:၄၀ ပြည်တွင်းအနုပညာရေးရာ
- ၈:၁၀ တေးဂီတအစီအစဉ်
- ၈:၁၅ ပျိုမေတို့ အလေးထားထိန်းသိမ်းစရာ ဆံကေသာ
- ၈:၂၅ တေးဂီတအစီအစဉ်
- ၈:၃၀ MRTV-4 ကျန်းမာရေးကဏ္ဍ (စိတ်ပိုင်းဆိုင်ရာရောဂါလက္ခဏာများ) ဒေါက်တာဇော်စိန်လွင် (စိတ်ရောဂါအထူးကု)
- ၉:၀၀ နိုင်ငံတကာသတင်းအကျဉ်း
- ၉:၀၅ သံဂဟေအတတ်ပညာ (အပိုင်း-၁)
- ၉:၁၅ တေးဂီတအစီအစဉ်
- ၉:၂၀ ယနေ့သိပ္ပံနှင့်နည်းပညာ
- ၉:၃၅ မိုးလေဝသခန့်မှန်းချက်
- ၉:၄၀ အသိဉာဏ်ဘဏ်တိုက်စာကြည့်တိုက် ရှမ်းပြည်နယ် (တောင်ပိုင်း) (လွိုင်လင်ခရိုင်)
- ၉:၅၀ တေးဂီတအစီအစဉ်
- ၉:၅၅ သွားမယ်စားမယ် (ရွှေလီကောင်း)
- ၁၀:၁၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၀:၂၀ စပါးစပ်မျိုးမှ ဝတ်မှုန်အသုံးပြု၍ တစ်သျှူးနည်းဖြင့် မျိုးပွား၍ စပါးထုတ်လုပ်ခြင်း
- ၁၀:၃၀ တေးဂီတအစီအစဉ်
- ၁၀:၃၅ နုနယ်နက်ရှိုင်းသောအတွေးတို့မှသည် အဖြူရောင်များပေါ်သို့
- ၁၀:၅၅ တေးဂီတအစီအစဉ်
- ၁၁:၀၀ အနုပညာရပ်ဝန်းမှပွဲတင်သံများ
- ၁၁:၂၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၂၅ မြန်မာမှုလက်ရာပန်းပု (အပေါင်း) ပညာ
- ၁၁:၄၀ တေးဂီတအစီအစဉ်
- ၁၁:၄၅ မြန်မာစာ မြန်မာစကား(၄)
- ၁၂:၀၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၂:၁၀ Celebrity Style [မော်ဒယ်(လ်) ခရစ္စတီးနားနှင့် တွေ့ဆုံခြင်း]
- ၁၂:၂၅ ကရင်ရိုးရာဝတ်စားဆင်ယင်မှု
- ၁၂:၃၀ တေးဂီတအစီအစဉ်
- ၁၂:၃၅ အသိပညာမြှင့်တင်ပေး သစ်သီးဝလံ စိုက်ပျိုးရေး
- ၁:၀၀ MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

■ *ကျော်ဖုံးမှ*

ဧရာဝတီတိုင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာများတွင် ၎င်းတို့သည် NLD ပါတီအပေါ် ယုံကြည်မှုမရှိတော့ခြင်း၊ ပါတီခေါင်းဆောင်များ၏ လုပ်ရပ်အပေါ် စိတ်ဝင်စားမှု မရှိတော့ခြင်းတို့ကြောင့် ၎င်းတို့၏ ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

ဒေသဝမ်းစာဖူလုံရေး၊ စိမ်းလန်းစိုပြည်ရေးနှင့် လျှပ်စစ်ဓာတ်အားရရှိရေးထောက်ကူပေးနိုင်မည့် ရေလှောင်တမံနှင့် လျှပ်စစ်ရေတင်စီမံကိန်းလုပ်ငန်းများအား စနစ်တကျ သေသပ်ကျနစွာ ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၇

မန္တလေးတိုင်း မန္တလေးမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဌာနဆိုင်ရာတာဝန် ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၆ ရက် နံနက် ၈ နာရီခွဲက မော်တော်ယာဉ်များဖြင့် မန္တလေးမြို့မှ ကျောက်ဆည်မြို့သို့ ရောက်ရှိကြပြီး ကျောက်ဆည်မြို့ရှိ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ခရိုင်ရုံး၌ ကျောက်ဆည်ခရိုင်ရှိ ဌာနဆိုင်ရာများ၏ ခြံစည်းရိုးကြက်ဆူဆီနမူနာထုတ်လုပ်ထားရှိမှုကိုလည်းကောင်း၊ ပျိုးပေါင်များဖြင့် ခြံစည်းရိုးကြက်ဆူပင်များ ပျိုးထောင်ထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မိတ္ထီလာလွင်ပြင် မြစ်ရေတင် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပျိုးထောင်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်တို့သည် ပျိုးထုပ်များအတွင်း ခြံစည်းရိုးကြက်ဆူမျိုးစေ့များကို စိုက်ထည့် ပျိုးထောင်ပေးကြသည်။

ကျောက်ဆည်ခရိုင် အတွင်း၌ ခြံစည်းရိုးကြက်ဆူစိုက်ပျိုးမှုအနေဖြင့် တစ်အုပ်တစ်မစိုက်ခင်း ၁၄၃၆ ဧက၊ ယာမြေခြံစည်းရိုးများ၌ စိုက်ပျိုးခြင်း ဧက ၂၃၀၅၀ ၊ မြေသစ်ခုတ်ထွင်စိုက်ပျိုးခြင်း ၁၀၂ ဧက၊ ကျေးလက်အိမ်ခြေအလိုက် စိုက်ပျိုးခြင်း ၇၇၇ ဧက၊ ကျေးလက်လမ်းဘေးဝဲယာ စိုက်ပျိုးခြင်း ၄၅၄ ဧက၊ ဆည်မြောင်းများ ဘေးဝဲယာ စိုက်ပျိုးခြင်း ၂၇၁ ဧက၊ မြစ်ရေတင်စီမံကိန်းများဘေး ဝဲယာ၌ စိုက်ပျိုးခြင်း ၂၂ ဧက စုစုပေါင်း ၂၆၁၁၂ ဧက စိုက်ပျိုးရှင်သန်လျက်ရှိပြီး ၂၀၀၇-၂၀၀၈ ခုနှစ်တွင် ခြံစည်းရိုးကြက်ဆူပင် ၂၂၂၁၁ ဧကတိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဖြည့်ဆည်းစီမံပေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျောက်ဆည်မြို့မှ ကျောက်ဆည်-သံရွာ-ရှာင်လမ်းအတိုင်းမော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ်မှ မွန်ပြည်နယ် ပေါင်မြို့နယ်သို့ ဆက်သွယ်ဖောက်လုပ်လျက်ရှိသည့် ခရိုင်ချင်းဆက်လမ်းအမှတ်(၂)ဖောက်လုပ်ရေးလုပ်ငန်း ကျောက်ဆည်ခရိုင် ဖျောက်ဆိပ်ကုန်းရွာအနီး ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လိုအပ်သည်များကို ဖြည့်ဆည်းစီမံဆောင်ရွက်ပေးသည်။

အဆိုပါ မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ်မှ မွန်ပြည်နယ် ပေါင်မြို့နယ်သို့ ဆက်သွယ်ဖောက်လုပ်နေသည့် ခရိုင်ချင်းဆက်လမ်းအမှတ်(၂)မှာအရှည် မိုင် ၄၄၀ နှင့် ၆ ဖာလုံရှိရာ မန္တလေးတိုင်းအတွင်း၌ စုစုပေါင်း အရှည်မိုင် ၂၁၃ မိုင် ၂ ဖာလုံ ပါဝင်ပြီး ခရိုင်ငါးခရိုင်ကို ဖြတ်သန်းဖောက်လုပ်သွားမည်ဖြစ်သည်။ ယခုအခါ တိုင်းစည်ပင်သာယာရေးအဖွဲ့မှ မြေသားလမ်း ၁၁၇ မိုင် ၁ ဖာလုံ၊ ကျောက်ချောလမ်း ၈ မိုင် ၇ ဖာလုံ၊ ကတ္တရာလမ်း ၃ မိုင်၊ သစ်သားတံတား၁၂စင်း၊ ဇော်ဂျီ မြစ်ကူးကွန်ကရစ်တံတားတစ်စင်း၊ ရေပြွန် ၂၄၂ စင်းနှင့် ရေကျော်၁၈စင်းတို့ ဖောက်လုပ်ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ခရိုင်ချင်းဆက်လမ်းအမှတ်(၂)ဖောက်လုပ်ရေးလုပ်ငန်း ကျောက်ဆည်ခရိုင်အပိုင်း၌ မြေသားလမ်းများ ခင်းကျင်းထားရှိမှုကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် သံရွာအနီး ခရိုင်ချင်းဆက်လမ်းပိုင်းပေါ်၌ တည်ဆောက်ပြီးစီးသွားသော အကျယ် ၂၄ ပေ၊ အရှည်ပေ ၁၈၀ရှိ ဇော်ဂျီ မြစ်ကူးသံရွာတံတား(နောင်ခမ်း)သို့ ရောက်ရှိပြီး တံတားတည်ဆောက်ပြီးစီးမှု၊ ချဉ်းကပ်လမ်းများ ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

၎င်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကင်းရွာအနီးရှိ ဇော်ဂျီမြစ်ပေါ်၌ တည်ဆောက်နေသော ရေလွှဲဆည်(Supply Channel) များတူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်က ရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ညှိနှိုင်းဆောင်ရွက်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)မှ တာဝန်ယူတည်ဆောက်လျက်ရှိသည့် မြို့ကြီးရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိကြသည်။ ရှေးဦးစွာ တည်ဆောက်ရေး(၄)တာဝန်ခံ ဦးမျိုးထွန်းက မြို့ကြီးရေလှောင်တမံဘက်စုံ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ရေလွှဲဥမင်၊ ပင်မတမံ၊ ရေအားလျှပ်စစ် ဥမင်လိုဏ်နှင့် အဆောက်အအုံ တည်ဆောက်မှုလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်က ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တမံအောက်ခြေရေစိမ့်ခြင်းမှ ကာကွယ်ရန် TMW စက်များဖြင့် ရေစိမ့်တားနံရံတူးဖော်ဆောက်လုပ်နေမှုနှင့် တမံကို မြေများစတင်ဖို့နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ စီမံကိန်းတာဝန်ခံ ဦးမျိုးထွန်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဥမင်လိုဏ်တူးဖော်မှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရေလွှဲဥမင်လိုဏ် အဝင်ဘက်ခြမ်း၌ လိုဏ်အတွင်း ဥမင်လိုဏ်တူးဖော်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ရေလွှဲဥမင်အတွင်းဘက်ခြမ်း ဥမင်လိုဏ်တူးဖော်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

အဆိုပါရေလွှဲဥမင်လိုဏ်မှာအလျား ၁၅၇၅ပေ၊ အချင်း ၁၈ ပေရှိပြီး ဥမင်အဝင်ဘက်ခြမ်း၌ ၆၂၆ပေနှင့် ဥမင်အထွက်ဘက်ခြမ်း၌ ၆၅၃ပေ စုစုပေါင်း ၁၂၇၉ပေ တူးဖော်ပြီးစီးနေပြီဖြစ်သည်။ ဥမင်တစ်ဆက်တစ်စပ်တည်းဖြစ်စေရန် ၂၉၆ ပေသာ ကျန်တော့ကြောင်း သိရှိရသည်။

ရေအားလျှပ်စစ် ဥမင်လိုဏ်မှာ အလျား ၁၆၉၈ပေ၊ အချင်း ၁၉ ဒသမ ၇ပေရှိပြီး ယခုအခါ လိုဏ်အရှည် ၆၆ ပေ တူးဖော်ပြီးစီးနေပြီဖြစ်သည်။

အဆိုပါ မြို့ကြီးရေလှောင်တမံဘက်စုံ စီမံကိန်းကို ရှမ်းပြည်နယ် (တောင်ပိုင်း)ရှာင်မြို့နယ်မြို့ကြီးကျေးရွာအနီး၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)မှတည်ဆောက်နေခြင်းဖြစ်ပြီး တမံအလျား ၂၄၆၁ ပေ တမံအမြင့်၂၅၈ပေဖြစ်သည်။ မြေသားတမံဖြစ်ပြီး ကန်ရေပြည့် ရေလှောင်ပမာဏ ဧက ပေ ၃၅၉၅၅၀၊ ကန်ရေသေ ရေလှောင် ပမာဏ ဧကပေ ၅၉၇၇၀ဖြစ်သည်။ လျှပ်စစ်ဓာတ်အား ၁၅ မဂ္ဂါဝပ်နှစ်လုံးတပ်ဆင်မည်ဖြစ်ပြီးနှစ်စဉ်ပျမ်းမျှထုတ်လုပ်မည့် လျှပ်စစ်စွမ်းအားမှာ ကီလိုဝပ်နာရီသန်းပေါင်း ၁၃၅၇၀ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ရာမွန်းလွဲပိုင်းတွင် ဝမ်းတွင်းမြို့နယ် ကုန်းရွာအနီး၌ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက တည်ဆောက်လျက်ရှိသည့် မိတ္ထီလာလွင်ပြင်လျှပ်စစ်ရေတင်စီမံကိန်းသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ စီမံကိန်းတာဝန်ခံက စီမံကိန်းအတွင်း၌ မြို့ပြဆိုင်ရာလုပ်ငန်းများဖြစ်သည့် ပင်မမြောင်း၊ လက်တံမြောင်း၊ လက်တံခွဲမြောင်းနှင့် မြောင်းခွဲငယ်များ တူးဖော်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတိုင်းမှူးဗိုလ်ချုပ်ခင်ဇော်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

စနစ်တကျဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က မိတ္ထီလာခရိုင်၏ ဒေသဝမ်းစာဖူလုံရေးနှင့် ဒေသစိမ်းလန်းရေးအတွက်ပါ ထောက်ကူပေးနိုင်မည့် စီမံကိန်းလုပ်ငန်းကြီးတစ်ခုဖြစ်၍ ဂရုတစိုက်ကြပ်မတ်ဆောင်ရွက်သွားကြရေး၊ ရေရှည်ခိုင်မြဲစေရန် ယခုစတင်တည်ဆောက်ကတည်းကပင် လုပ်ငန်းများကို စနစ်တကျ သေသပ်ကျနစွာ ဆောင်ရွက်သွားကြရန် မှာကြားပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်စီမံဆောင်ရွက်ပေး၍ ပင်မမြောင်းတည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကေသုံးသောင်းရေပေးနိုင်

အဆိုပါ မိတ္ထီလာလွင်ပြင် လျှပ်စစ်ရေတင်စီမံကိန်းမှာ မြို့ကြီးရေလှောင်တမံနှင့် ကျိုင်းခမ်းရေလှောင်တမံများမှ တည်ဆောက်၍ပို့လျှံသော ရေများကို စုပ်တင်၍ မိတ္ထီလာလွင်ပြင်သို့ ရေပို့လွှတ်နိုင်ရန် တည်ဆောက်နေခြင်းဖြစ်သည်။ အမြင့်ပေ ၄၀ ၌ ပင်မ ရေတင်စခန်းတစ်ခု တည်ဆောက်ပြီး ထပ်ဆင့်ရေတင်စခန်းခုနစ်ခုဖြင့် တင်ပို့သွားမည်ဖြစ်သည်။ စီမံကိန်းပြီးစီးသွားပါက လယ်မြေဧကသုံးသောင်း ရေပေးဝေနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျေးရွာချင်းဆက် လမ်းများမှတစ်ဆင့် မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်အပိုင်းရှိ ခရိုင်ချင်းဆက် လမ်းအမှတ်(၂) ဖောက်လုပ်ရေးလုပ်ငန်းသို့ ရောက်ရှိကြပြီး လမ်းပိုင်းပေါ်၌အလျားပေ ၃၀၊ အကျယ် ၁၄ ပေရှိ ချောင်းကူးတံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်အပိုင်း၌ ခရိုင်ချင်းဆက်လမ်းအမှတ် (၂) ဖောက်လုပ်ထားရှိမှုနှင့် သာစည်မြို့နယ်အစ လမ်းပိုင်းအမာခံမြေသား ခင်းကျင်းထားရှိမှုကိုလည်းကောင်း၊ မိုင်တိုင် (၇၄/၀) အနီးသာစည်မြို့နယ်၊ နဝင်းရွာ၌ ဆင်းရွှေကြာနေကြာမျိုးများ အောင်မြင်ဖြစ်ထွန်းနေမှုနှင့် ခရိုင်ချင်းဆက်လမ်းဘေးဝဲယာ၌ ဒေသခံ တောင်သူများ၏ နေကြာနှင့် ကုလားပဲစိုက်ခင်းများကိုလည်းကောင်း၊ လမ်းပိုင်းမြေသားလမ်း ဖောက်လုပ်ထားရှိမှု အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြပြီး ခရိုင်ချင်းဆက်လမ်းနှင့် မိတ္ထီလာ-တောင်ကြီး ကားလမ်း လှိုင်းတက်ကျေးရွာအနီး လမ်းဆုံသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ညွှန်ကြားရေးမှူး ဦးကံလှက ခရိုင်ချင်းဆက်လမ်းပိုင်းပေါ်၌ ကျောက်လမ်း မိုင် ၆၀ ခင်းကျင်းမည့် အစီအစဉ်များနှင့် ယခုဘဏ္ဍာရေးနှစ်အတွင်း ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းကိစ္စများကို ရှင်းလင်း တင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်ကလိုအပ်သည်များမှာကြားသည်။

မြင့်မားတိုးတက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လှိုင်းတက်-ကင်းသာလမ်းပိုင်း လှိုင်းတက်ကျေးရွာအနီး၌ ခရိုင်ချင်းဆက်လမ်းအား အမာခံ မြေသားလမ်း ခင်းကျင်းထားရှိမှုကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ခရိုင်ချင်းဆက် လမ်းအမှတ် (၂)ဖောက်လုပ်ရေးလုပ်ငန်းတွင် သာစည်မြို့နယ် လှိုင်းတက်ကျေးရွာမှ ပျော်ဘွယ်မြို့နယ် ကင်းသာကျေးရွာအထိ မြေသားလမ်းအရှည်မှာ မိုင် ၅၀ ရှိ၍ ကျေးရွာ ၂၁ ရွာကို ဖြတ်သန်းသွားမည်ဖြစ်ပြီး အဆိုပါ ကျေးရွာများမှာ ခရိုင်ချင်းဆက်လမ်းဖောက်လုပ်နေမှုကြောင့် ယခင်ကထက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အဆင့်အတန်းများ မြင့်မားတိုးတက်လာလျက်ရှိကြောင်း သိရှိရသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် သာစည်မြို့နယ် အုတ်ဖိုကျေးရွာတောင်ဘက် တစ်မိုင်ခန့်အကွာ၌ စမုံမြစ်ပေါ်တွင် တည်ဆောက်ထားသည့် အကျယ်ပေ ၄၀၊ ရေကျအနက် ၁၀ ပေ၊ ရေလျှံအမြင့်ရှစ်ပေရှိ ထူးတွင်းကျောက်စီရေလွှဲဆည်ဟောင်း နေရာသို့ သွားရောက် ကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် တိုင်းဆည်မြောင်း ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သိန်းက ထူးတွင်းရေလွှဲဆည် တည်ဆောက်ထားရှိမှုနှင့် ရေပေးဝေနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ရေလွှဲဆည် တိုးချဲ့ပြုပြင်ခြင်းဖြင့် တိုးချဲ့စိုက်ပျိုးနိုင်မည့် ဧကများ စနစ်တကျ တွက်ချက်တိုင်းတာရေး မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရေလွှဲဆည်ဟောင်းအား သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

အဆိုပါ ရေလွှဲဆည်အား တိုးချဲ့ပြုပြင်ပြီး လယ်မြေဧက ၃၀၀၀ ကို မိုးတွင်းကာလတွင် ရေပေးဝေသွားနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် သာစည်မြို့နယ် ထူးတွင်းကျေးရွာနှင့် အုတ်ဖိုကျေးရွာတို့မှ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးပြီး မိတ္ထီလာမြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

အထက(၂) သာယာဝတီ(အေဘီအမ်) အာစရိယပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၇

သာယာဝတီမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း (အေဘီအမ်)၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့) တနင်္လာနေ့ နံနက် ၉ နာရီတွင် အဆိုပါကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ပညာသင်ကြားပေးခဲ့သော အသက်နှစ်(၆၀) အထက် ဆရာ ဆရာမကြီးများ ဆက်သွယ်ပါရန်နှင့် ကျောင်းသူ ကျောင်းသားဟောင်းများအနေဖြင့် အလှူငွေများကို ရန်ကုန်မြို့တွင် ဆရာကြီး ဦးစောလယ်ဝါး ဖုန်း-၆၄၀၀၈၄၊ ဒေါ်စုစုခိုင် ဖုန်း-၅၄၁၇၉၁၊ ဦးသက်မော်ဦး ဖုန်း-၂၉၂၈၂၈၊ ဦးလေးလွင် (ကိုမောင်ပု) ဖုန်း-၇၀၆၈၆၇နှင့် သာယာဝတီမြို့တွင် ဦးစံသိန်း ကျောင်းအုပ်ဆရာကြီး အထက(၂)သာယာဝတီ ဖုန်း-၀၅၅-၃၀၀၅၀၊ ဦးတုတု ဖုန်း-၀၅၅-၃၀၃၀၆၊ ဦးကျော်ကျော်ဦး ဖုန်း-၀၅၅-၃၀၃၂၇၊ ဒေါ်သန်းသန်းချို ကျောင်းစုလမ်းနှင့် ဒေါ်အယ်ဗလင်းသန်း တိုက်ကျောင်းလမ်း သာယာဝတီတို့သို့ ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

တွေ့ဆုံဆွေးနွေးရေး၊ တွေ့ဆုံဆွေးနွေးရေ

ဘကြီးစိုးနှင့် ကြီးကြီးမြတို့အိမ်မှ အပြန်လမ်းတစ်လျှောက်နှင့် အိမ်ရောက်၍ အိပ်ရာဝင်သည့်တိုင် ကျွန်တော်သည် ဘကြီးစိုး ပြောကြားလိုက်သော **"ရဲရေးရောက်သော်၊ ရွံ့ကြောက်မဲ့တွန့်၊ နိုင်ငံ့ဝန်၌"** ဟူသော ဇာတိမာန်စကားကို ပဲ့တင်ထပ်ကြားပြီး အကြိမ်ကြိမ်အဖန်ဖန် စဉ်းစားတွေးတောနေမိပါသည်။

အမေရိကန်အစိုးရနှင့် အပေါင်းပါများက ၎င်းတို့၏ပါးစပ်ကို ဒေါ်စုကြည်၌ အငှားတပ်ပြီး ၁၉၉၅ ခုနှစ်၌ ပြောကြားစေခဲ့သော **တွေ့ဆုံဆွေးနွေးရေးနှင့် အလုံးစုံပျက်သုဉ်းရေး ကြိုက်ရာရွေး** ဟူသော ခြိမ်းခြောက်မှုသည် လည်းကောင်း၊ ယခုတစ်ဖန် အမေရိကန်အစိုးရနှင့် ဗြိတိန်အစိုးရတို့က ၎င်းတို့၏ပါးစပ်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ အငှားတပ်ပြီး ၂၀၀၇ခုနှစ်၌ ပြောကြားစေရန် အဆိုပြုချက် မူကြမ်းတင်သွင်းခဲ့သော **တွေ့ဆုံဆွေးနွေးရေးနှင့် လုံခြုံရေးကောင်စီမှ အရေးယူဒဏ်ခတ်ရေး ကြိုက်ရာရွေး** ဟူသော ဖိအားပေးခြိမ်းခြောက်မှုသည် လည်းကောင်း ကျွန်တော်တို့မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုကို ထိပါးရုံမက ကျူးကျော်စော်ကားရာ ရောက်နေပြီဖြစ်ပါသည်။

ဤအရေးသည် ကျွန်တော်တို့ မြန်မာနိုင်ငံသားအားလုံး၏ အမျိုးသားရေးပင် ဖြစ်ပါ၏။ ကျွန်တော်တို့ မြန်မာနိုင်ငံ၏ နိုင်ငံ့အရေးပင် ဖြစ်ပါ၏။ တစ်နည်းဆိုရသော် မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသားတို့၏ **အမျိုးသားနိုင်ငံရေး** ပင်ဖြစ်ရာ **အရေးကြီးပြီ သွေးစည်းကြစို့** ဟု တပ်လှန့်နှိုးဆော်ကြရန်၊ ပါဝင်ပူးပေါင်း သွေးစည်းညီညွတ်ကြရန်သည် မြန်မာနိုင်ငံသားအားလုံး၏တာဝန် ဖြစ်နေကြောင်း တွေ့ရှိရပါသည်။

ကျွန်တော်တို့ မြန်မာနိုင်ငံသားများသည် ဖြူစင်ရိုးသားသော အရင်းခံစိတ်ထားနှင့်အညီ မှန်ရာကိုလုပ်၍ ဟုတ်တာကိုသာ ပြောလေ့ရှိကြပါသည်။ **"လူအချင်းချင်း၊ လှည့်စားခြင်း၊ ကင်းရှင်းကြပါစေ"** ဟူသော မေတ္တာသြဝါဒနှင့်အညီ ကိုယ်ကိုယ်တိုင်လည်း သူတစ်ပါးအပေါ် လှည့်စားခြင်းကင်းအောင် ပြုမူကျင့်ကြံလေ့ရှိကြပါသည်။ ထို့အတူ တိုင်းတစ်ပါးသား နိုင်ငံခြားသားများကလည်း မိမိတို့အပေါ် လှည့်စားခြင်း ကင်းလိမ့်မည်ဟု ယုံကြည်ရင်းစွဲ ရှိကြပါသည်။ ဤသည်မှာ လူမှုဆက်ဆံရေး အဝန်းအဝိုင်းအတွင်း၌ ထားရှိအပ်သော ကောင်းမြတ်သည့် စိတ်သဘောထားပင် ဖြစ်ပါ၏။

သို့ရာတွင် **နိုင်ငံ့အရေး၊ ပေါက်နှင့်ကြေး** ဟု ဆိုအပ်သော နိုင်ငံတကာရေးရာတွင်မူ နိုင်ငံအချင်းချင်း လှည့်စားခြင်း မကင်းရှင်းနိုင်ကြောင်းကို ယနေ့ထက်တိုင်သော ကမ္ဘာ့ဖြစ်ရပ်ဆိုးများက သက်သေပြလျက် ရှိနေပါသည်။ နိုင်ငံတကာဆက်ဆံရေးတွင် **ထာဝရမိတ်ဆွေမရှိ၊ ထာဝရရန်သူမရှိ** ဟူသော ဆိုစကား ရှိထားသော်လည်း မြန်မာနိုင်ငံနှင့် ပတ်သက်၍ အမေရိကန်အစိုးရ အဆက်ဆက်နှင့် ဗြိတိန်အစိုးရ အဆက်ဆက်တို့သည် အမြဲတမ်းရန်လိုသော၊ အမြဲတမ်း ဝင်ရောက်ကျူးကျော်စွက်ဖက်လိုသော၊ အမြဲတမ်း ကြိုးကိုင်ခြယ်လှယ်လိုသော သဘောထားများ ထားရှိနေကြောင်း လေ့လာသူတိုင်း သိရှိကြပြီး ဖြစ်ပါသည်။ ဤသည်မှာ ကမ္ဘာ့မြေပုံပေါ်၌ အခြားရွေးချယ်စရာ မရှိသော မြန်မာနိုင်ငံ၏ တည်ရှိနေမှု အနေအထား၊ တစ်နည်းအားဖြင့် **ပထဝီနိုင်ငံရေးအနေအထား**အရပင် ဖြစ်ပါသည်။

ထို့ကြောင့် အမျိုးကိုထိလျှင် မချိအောင်နာတတ်သော ကြီးကြီးမြ မနေ့က ကျွန်တော့်အား အသိခေါက်ခက် အဝင်နက်ရန်ကော သဘောဖြင့် ပြောကြားခဲ့သည့် "အမေရိကန်က ဒို့နိုင်ငံမှာ တပ်စခန်းချခွင့်တောင်းလား၊ မတောင်းဘူးလား မင်းဘကြီးကိုသာ မေးကြည့်ပေတော့"စကား၏ အနက်အဓိပ္ပာယ်ကို ဖွင့်လှစ်သိရှိနိုင်ရန်အတွက် နောက်တစ်နေ့ နံနက်ပိုင်းမှာပင် ဘကြီးစိုးနှင့် ကြီးကြီးမြတို့အိမ်သို့ ကျွန်တော် ရောက်ရှိသွားခဲ့ပြန်ပါသည်။

ဘကြီးစိုး ။ လာဟေ့မောင်ကျော်၊ ဒီမှာ မင်းကြီးကြီး မနေ့က သူ့တူတော်မောင်ကို ဆူလိုက်ငေါက်လိုက်မိလို့ စိတ်မကောင်းဖြစ်ရတယ်ဆိုပြီး မင်းအတွက် စားစရာတွေ အစုံလုပ်ထားတာ၊ စားပြီးမှ ဆွေးနွေးကြတာပေါ့။

စိုးမြကျော် ။ ဟုတ်ကဲ့ပါ ဘကြီး။ ဒါကြောင့် ကျွန်တော် မနေ့က ပြောခဲ့တာပေါ့။ ကျွန်တော်က ကြီးကြီးတူပဲ ဆိုတာလေ။

ကြီးကြီးမြ ။ ဟုတ်တယ်ကိုစိုး။ **စောင့်လေမျိုးနွယ်**ဆိုတဲ့ စကား ရှိတယ်မဟုတ်လား။ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်တဲ့နေရာမှာ မြတို့၊ မောင်ကျော်တို့သာမက တိုင်းရင်းသားတွေအားလုံး၊ တိုင်းရင်းသားအဖွဲ့အစည်းတွေအားလုံး တစ်စိတ်တည်းတစ်ဝမ်းတည်း ရှိနေကြတယ်ဆိုတာ ကိုစိုးလဲ သိသားနဲ့။

ဘကြီးစိုး ။ မြပြောတာ မှန်တယ်။ ဒီနေ့ ဒို့တစ်တွေ ဆွေးနွေးကြမယ့် အကြောင်းအရာတွေထဲမှာ အမျိုးဂုဏ်၊ ဇာတိဂုဏ်နဲ့ အမျိုးသားရေးကို ဦးစားပေးအလေးထား ဆောင်ရွက်ခဲ့ကြတဲ့ ဂုဏ်ယူစရာ၊ မြတ်နိုးစရာ၊ လေ့လာပွားများအတုယူစရာတွေလဲ ပါလာလိမ့်ဦးမယ်။

စိုးမြကျော် ။ ဟုတ်ကဲ့ပါ ဘကြီး။ ဘကြီး မနေ့က ဆွေးနွေးသွားတဲ့အထဲမှာ အမျိုးသားညီလာခံက **နိုင်ငံတော်အတွင်း မည်သည့် နိုင်ငံခြားတပ်ဖွဲ့ကိုမျှ တပ်ချခွင့်မပြု** ဆိုတဲ့ အခြေခံမူချမှတ်ခဲ့ပြီးဖြစ်တယ်။ ဒါပေမယ့် အမေရိကန်က အဲဒီအခြေခံမူကိုမလိုလားဘူး။ အမေရိကန်အနေနဲ့ မြန်မာနိုင်ငံမှာ သူတို့စစ်စခန်းတွေ ချထားချင်နေတာကြောင့် အဲ့ဒီ အခြေခံမူချမှတ်ထားတဲ့ အမျိုးသားညီလာခံ ပျက်အောင် **တွေ့ဆုံဆွေးနွေးရေး** ဆိုတာကို အကြောင်းပြတောင်းဆိုပြီး ဖျက်လိုဖျက်ဆီး လုပ်နေကြောင်း သိရပါတယ်။ အဲဒီ အချက်အလက်တွေကို ဆက်စပ်ပြီး ရှင်းပြပေးပါဦး ဘကြီး။

ဘကြီးစိုး ။ မင်းကြီးကြီး ပြောတဲ့အတိုင်း **အမေရိကန်က ဒို့နိုင်ငံမှာ စစ်စခန်းချခွင့်ရရှိအောင် နည်းမျိုးစုံနဲ့ ကြိုးပမ်းလုပ်ဆောင်ခဲ့သမျှ ကုလသမဂ္ဂကအစ တစ်ကမ္ဘာလုံးက သိထားခဲ့ကြပါတယ်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း မြန်မာနိုင်ငံရဲ့သမိုင်းကို သင်ကြားလေ့လာဖူးသူတိုင်းလဲ သိထားကြပါတယ်။**

ကြီးကြီးမြ ။ **မောင်ကျော်လဲ သိပြီးသားဖြစ်မှာပါ။ ၁၉၄၉ ခုနှစ်မှာ တရုတ်ပြည်ကနေ အရေးနိမ့်ပြီး ဆုတ်ခွာထွက်ပြေးလာရတဲ့ တရုတ်ဖြူ ကူမင်တန်တပ်တွေကို အမေရိကန် CIA က အကူအညီ အထောက်အပံ့မျိုးစုံပေးပြီး ဒို့မြန်မာနိုင်ငံရဲ့ ရှမ်းပြည်နယ်ကို ကျူးကျော်ဝင်ရောက် တပ်စွဲစေခဲ့တယ်လေကွယ်။**

စိုးမြကျော် ။ **ကျွန်တော် မှတ်မိပြီ ကြီးကြီး။ အဲဒီတုန်းက မြန်မာ့တပ်မတော်က ကျူးကျော်သူ ကူမင်တန်တပ်တွေကို စစ်ဆင်ရေးကြီးတွေ ဆင်နွှဲပြီး တွန်းလှန်တိုက်ထုတ်ခဲ့ရကြောင်း၊ အမေရိကန် အမှတ်တံဆိပ်ပါတဲ့ လေယာဉ်ပျံနဲ့ တပ်မတော်(လေ)က တိုက်လေယာဉ်တွေ ဝေဟင်မှာ တွေ့ဆုံ တိုက်ခိုက်ခဲ့တဲ့အထိ ဖြစ်ပွားခဲ့ကြောင်း၊ အဲဒီ အမေရိကန် အမှတ်တံဆိပ်ပါတဲ့ လေယာဉ်တွေကနေ မြေပြင်က ကူမင်တန်တပ်တွေဆီကို လေထီးနဲ့ချပေးခဲ့တဲ့ အမေရိကန်နိုင်ငံလုပ် စစ်လက်နက်ပစ္စည်း ကိရိယာမျိုးစုံကို သိမ်းဆည်းရမိလို့ ရန်ကုန်မြို့က သံတမန်တွေနဲ့ စစ်သံမှူးတွေကို အဲ့ဒီနေရာဒေသတွေအထိ ခေါ်ပြခဲ့တဲ့ အကြောင်း သတင်းစာအဟောင်းတွေမှာရော၊ စာအုပ်စာစောင်တွေမှာပါ ဖတ်ရှုတွေ့ရှိခဲ့ရပါတယ်။**

ဘကြီးစိုး ။ အဲ့ဒီ ကူမင်တန်တပ်တွေကို မြန်မာ့မြေပေါ်ကျူးကျော်ဝင်ရောက်စေခဲ့တဲ့ အမေရိကန် CIA ရဲ့ အဓိကရည်ရွယ်ချက်ကတော့ တရုတ်ပြည်ကြီးကို ဝိုင်းပတ်ထိန်းချုပ်ဖို့ ခြေကုပ်နယ်မြေ၊ တစ်နည်းအားဖြင့် သူတို့ရဲ့ စစ်အခြေစိုက်စခန်း မြန်မာနိုင်ငံမှာ ချထားဖို့ပဲ ဖြစ်တယ်ကွယ့်။

ကြီးကြီးမြ ။ အမေရိကန် CIA ရဲ့အထောက်အပံ့နဲ့ တရုတ်ဖြူ ကူမင်တန်တပ်တွေ မြန်မာနိုင်ငံကို ဝင်ရောက်ကျူးကျော်နေတဲ့အကြောင်း ကုလသမဂ္ဂကို သက်သေ အထောက်အထားနဲ့ တကွ တင်ပြတိုင်ကြားနိုင်ခဲ့လို့ တရုတ်ဖြူကူမင်တန်တပ်တွေကို မြန်မာ့မြေပေါ်က ပြန်လည်ရုပ်သိမ်းစေခဲ့တာကွယ့်။

စိုးမြကျော် ။ အဲဒီလို ပြန်လည်ရုပ်သိမ်းရာမှာ ကူမင်တန်တပ်ဖွဲ့ဝင်အားလုံးကို ရုပ်သိမ်းပေးခဲ့တာမဟုတ်ဘဲ ဟန်ပြသာရုပ်သိမ်းသွားခဲ့ပြီး ကူမင်တန်တပ်ဖွဲ့ဝင် တော်တော်များများကို မြန်မာနိုင်ငံထဲမှာ လျှို့ဝှက်ပြီး ထားရှိခဲ့ကြတယ်လို့ သိရပါတယ်။

ဘကြီးစိုး ။ **အဲဒါအမှန်ပဲ။ အမေရိကန် CIA ရဲ့ အဲ့ဒီစနက်ကြောင့် လက်ကျန် ကူမင်တန်တပ်တွေနဲ့ ပူးပေါင်းဆက်သွယ်မိပြီး လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့ တော်တော်များများ တစ်စခန်း ထခဲ့ကြလို့ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခကြီးထွားခဲ့ရတာပေါ့။**

ကြီးကြီးမြ ။ **ဒါတင်ဘယ်ကမလဲ မောင်ကျော်ရဲ့။ အဲ့ဒီကူမင်တန်တပ်တွေက သူတို့ရဲ့ စစ်ရေး၊ စီးပွားရေး ရပ်တည်နိုင်ဖို့ မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချမှုကို ဖောက်ချလုပ်ကိုင်ခဲ့လို့ ကြီးကြီးတို့ မြန်မာနိုင်ငံမှာ ယနေ့ထက်တိုင် မူးယစ်ဆေးဝါး ပြဿနာအမွေဆိုး အမြစ်ပြတ်အောင် ဖြေရှင်းနေရတာပဲဖြစ်တယ်။**

စိုးမြကျော် ။ **အမေရိကန် CIA နဲ့ အပေါင်းပါတွေရဲ့ လုပ်ရပ်ကတော့ ရက်စက်ပါပေ့ကွယ်လို့ ပြောရလောက်တယ်နော် ကြီးကြီး။**

ကြီးကြီးမြ ။ **ဒါဟာ ကိုလိုနီနယ်ချဲ့လက်သစ် ဉာဉ်အတိုင်း ဘယ်သူသေသေ ငတေမာရင်ပြီးရောသဘောနဲ့ ကြီးကြီးတို့ မြန်မာနိုင်ငံအပေါ် သူတို့စိတ်ထင်တိုင်း ကြဲခဲ့ကြတာပဲကွယ့်။**

ဘကြီးစိုး ။ **အမေရိကန်ရဲ့ ဒို့မြန်မာနိုင်ငံအပေါ် မူမမှန်တဲ့ လုပ်ရပ်ကတော့ အတောမသတ်နိုင်ဘူးလို့ ဆိုရမှာဖြစ်တယ်။ ၁၉၅၀ ပြည့်နှစ်ကာလတစ်ဝိုက်မှာ ကူမင်တန်တပ်တွေကို တပည့်မွေးပြီး မြန်မာနိုင်ငံမှာ ခြေကုပ်ယူတပ်စွဲဖို့ လက်ရဲဇက်ရဲ ကျူးလွန်ခဲ့သလိုပဲ ၁၉၈၄ ခုနှစ်မှာလဲ တပည့်ထပ်မွေးပြီး မြန်မာနိုင်ငံမှာ ဒုံးပျံစခန်းချထားဖို့အထိ ပိပိရိရိ လုပ်ကြံခဲ့သေးတယ်။**

စိုးမြကျော် ။ ဟုတ်လားဘကြီး။ ကျွန်တော်တို့ပြည်သူတွေ အမှန်အတိုင်း သိရှိအောင် ရှင်းပြပေးပါဦး။

ကြီးကြီးမြ ။ အမေရိကန်အစိုးရက မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ် ကြိုးကိုင်နိုင်ဖို့အတွက် တပည့်မကဘူး၊ နှစ်ပည့်တောင် မွေးခဲ့တာမဟုတ်လား ကိုစိုးရဲ့။

ဘကြီးစိုး ။ ဟုတ်တယ်မောင်ကျော်။ မင်းကြီးကြီးထောက်ပြမှ ဘကြီးလဲ ပြန်သတိရတယ်။ ရှေ့ပိုင်းမှာ ဘကြီးတို့ ဆွေးနွေးခဲ့ကြတာတွေကိုကြည့်ရင် အမေရိကန်က ဒေါ်စုကြည်ကို တပည့်အဖြစ် မွေးထားတာဖြစ်ကြောင်း သိသာထင်ရှားနေတယ်မဟုတ်လား။

စိုးမြကျော် ။ ဟုတ်ကဲ့ပါ ဘကြီး။ ဒေါ်စုကြည်ဆီကို မိုက်ကယ်အဲရစ်တို့၊ မယ်ဒလင်းအောဘရိုက်တို့ စေလွှတ်ပြီး လမ်းပြနည်းပေး တပည့်မွေးခဲ့တယ်၊ ၁၉၈၁ ခုနှစ်မှာ ဘယ်လိုမှမအပ်စပ်တဲ့ ငြိမ်းချမ်းရေးနိုဘယ်လ်ဆုကိုပေးပြီး ရှန်းထွက်လို့မရအောင် နှောင်ဖွဲ့ထားခဲ့တယ်။ အဲ့ဒီ အထိတော့ ကျွန်တော် သိပြီးပါပြီ ဘကြီး။

ကြီးကြီးမြ ။ ဒါပေမယ့် ဒေါ်စုကြည်ဟာ ၁၉၉၅ ခုနှစ်အထိ နေအိမ်မှာ ကန့်သတ်တားမြစ်ခံထားရလို့ ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် မလှုပ်ရှားနိုင်ခဲ့ဘူးလေ။ ဒါ့ကြောင့် ဒေါ်စုကြည် မဟန်ရင် နောက်တစ်ယောက်ကို စတေးဖို့ တပည့်ထပ်မွေးခဲ့တာပေါ့ကွယ်။

ဘကြီးစိုး ။ ဟုတ်တယ် မောင်ကျော်ရေ။ ဒါဟာ အမေရိကန် CIA ရဲ့ နာမည်ကျော် လုပ်နည်းလုပ်ဟန်ပဲ။ သူတို့ မလိုလားတဲ့ နိုင်ငံတိုင်းကို ဒီလိုအောက်လမ်းနည်းတွေနဲ့ သပ်လျှိုဖြိုခွဲခဲ့ကြတာချည်းပဲ။

စိုးမြကျော် ။ သူတို့က ဒေါ်စုကြည်အပြင် ဘယ်သူ့ကို တပည့်မွေးခဲ့တာလဲ ဘကြီး။

ဘကြီးစိုး ။ တစ်ချိန်က ရှမ်းပြည်တပ်မတော် (Mong Tai Army-MTA) ရဲ့ ခေါင်းဆောင် ဦးခွန်ဆာ ကိုပဲကွယ့်။

စိုးမြကျော် ။ ဟုတ်ရဲ့လား ဘကြီးရယ်။ အဲ့ဒီတုန်းက MTA ဟာ မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်မှု ပြုလုပ်နေတယ်လို့ သူတို့ပဲ အကြီးအကျယ်ကြေညာပြီး ဦးခွန်ဆာကို ဖမ်းမိအောင် သတင်းပေးနိုင်တဲ့သူကို ဒေါ်လာသန်းချီပြီး ဆုချမယ်လို့တောင် ကြော်ငြာခဲ့သေးတာပဲ။

ကြီးကြီးမြ ။ မောင်ကျော့်နှယ်၊ ဟုတ်သမှ ဟုတ်ဟုတ် ဟုတ်ဟုတ်တောင် မြည်နေသေးတယ်။

ဘကြီးစိုး ။ **အမေရိကန်တို့၊ CIA တို့ဆိုတာ သူတို့အသုံးချလို့ရမယ့် လူဆိုရင် ဘယ်သူဘယ်ဝါ ရွေးမနေဘဲ အသုံးချလေ့ရှိတာ ကမ္ဘာကအသိပါပဲ။ ဦးခွန်ဆာကိုလဲ မူးယစ်ဆေးဝါးနာမည်ဆိုးနဲ့ ကျော်ကြားအောင် သူတို့ပဲ အကွက်ချ လုပ်ဆောင်ပြီး ထွက်ပေါက်ပေးတဲ့အနေနဲ့ အသုံးချဖို့ ကြိုးပမ်းခဲ့တာပဲကွယ့်။**

စိုးမြကျော် ။ **ကျွန်တော် သဘောပေါက်ပြီ ဘကြီး။ ပထမဦးဆုံး ဦးခွန်ဆာကို မူးယစ်ဆေးဝါးလုပ်ငန်းနဲ့ သွယ်ဝိုက်အားပေးပြီး အမှုဆင်လိုက်တယ်၊ နောက် ဒီအမှုက လွတ်ချင်ရင် ဒို့ခိုင်းတဲ့အတိုင်း မလွဲမသွေ လုပ်ရမယ်ဆိုပြီး နယ်ချဲ့ဉာဉ်ဆိုးနဲ့ နှစ်ခါသေအောင် သတ်ဖို့ လုပ်ကြံလိုက်တာပါကလား ဘကြီး။**

ဘကြီးစိုး ။ ဇာတ်ရည်လည်အောင် ရှင်းပြရရင် ၁၉၉၄ ခုနှစ် ဧပြီလ ၂၃ ရက်နေ့မှာ ယခင် အမေရိကန်သမ္မတ ဂျင်မီကာတာရဲ့ မူးယစ်ဆေးဝါးအကြံပေးအရာရှိလုပ်ခဲ့တဲ့ Petar Bourne ဆိုသူ MTA ဌာနချုပ် ဟိုမိန်းကိုရောက်လာပြီး ဦးခွန်ဆာနဲ့ တွေ့ဆုံခဲ့တယ်။

ကြီးကြီးမြ ။ ဟိုမိန်းမှာ တစ်ပတ်လောက်နေသွားပြီး Petar Bourne က ဦးခွန်ဆာအနေနဲ့ မူးယစ်ဆေးဝါး ပြစ်မှုတွေက လွတ်ကင်းဖို့အတွက် နိုင်ငံရေးလှည့်ကွက်ကျင့်သုံးဖို့၊ နိုင်ငံတကာက ဦးခွန်ဆာကို မူးယစ်ဆေးဝါးမှုနဲ့ မရှုမြင်စေဘဲ ရှမ်းပြည်လွတ်မြောက်ရေးနဲ့ ပြည်ထောင်စုမှ ခွဲထွက်ရေးတိုက်ပွဲဝင်နေတဲ့ နိုင်ငံရေးအင်အားစု ခေါင်းဆောင်အဖြစ် ရှုမြင်ထောက်ခံလာစေဖို့ မဟာဗျူဟာ ချမှတ် လုပ်ဆောင်သင့်ကြောင်း မမှန်မကန်နည်းပေးလမ်းပြ လုပ်သွားခဲ့တာကွယ့်။

ဘကြီးစိုး ။ MTA အနေနဲ့ လွတ်လပ်သောရှမ်းနိုင်ငံအဖြစ် ထူထောင်ကြောင်း ကြေညာချက်ထုတ်ပြန်ဖို့၊ အဲဒီလိုထုတ်ပြန်ပြီးတာနဲ့ အနောက်နိုင်ငံကြီးအချို့မှာ MTA ကိုယ်စားလှယ်ရုံးတွေ ဖွင့်လှစ်ပေးမယ်၊ ငွေကြေးနဲ့ အခြားလိုအပ်တာတွေ ထောက်ပံ့မယ်လို့ အကွက်ဆင် ကျုံးသွင်းသွားခဲ့တယ်လေ။

ကြီးကြီးမြ ။ အဲဒီတုန်းက ဦးခွန်ဆာအနေနဲ့ သူတို့ရဲ့ဘဝ ရှင်သန်လွတ်မြောက်ရေးအတွက် ရိုးရိုးပဲတွေးပြီး အမေရိကန် ပေးတဲ့ မက်လုံးနောက်ကို လိုက်သွားခဲ့မိသေးတယ်။ MTA ထိန်းချုပ်မှုအောက်မှာရှိတဲ့ နယ်မြေကို လွတ်လပ်သော ရှမ်းနိုင်ငံအဖြစ် ကြေညာမိခဲ့တယ်။

စိုးမြကျော် ။ အဲဒီလိုပြည်ထောင်စုကို ဖြိုခွဲတဲ့အကြံနဲ့ ဖြိုခွဲတဲ့လုပ်ရပ်ကို နိုင်ငံတော်အစိုးရနဲ့ တပ်မတော်က လုံးဝလက်ခံမှာမဟုတ်ဘူးနော် ဘကြီး။

နွေးရေးဟု....ဆိုကာ (၃)

စိုးမြကျော်

ဘကြီးစိုး ။ ဘယ်လက်ခံလိမ့်မလဲကွယ်။ ပြည်ထောင်စု မပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တပ်မတော်က ထိုးစစ်ဆင်ချေမှုန်းခဲ့တယ်။ မုံးကျွတ်တိုက်ပွဲဟာ အထင်ကရပဲ။ အဲဒီတိုက်ပွဲမှာ နှစ်ဖက်စလုံး အထိခိုက်အကျအဆုံး များခဲ့တာပေါ့ကွယ်။

ကြီးကြီးမြ ။ ယာလဲညက်စေ၊ ကြက်လဲပန်းစေဆိုတဲ့ နယ်ချဲ့ရဲ့ လုပ်ရပ်ကြောင့် ဒို့တိုင်းရင်းသားပြည်သူတွေ သေကျေပျက်စီး ဆုံးရှုံးခဲ့ရတာပဲ အဖတ်တင် ကျန်ရစ်ခဲ့တယ်။

စိုးမြကျော် ။ ဟုတ်တယ်ကြီးကြီး။ **အမေရိကန်ကို လူတွေဘာ့ကြောင့်မုန်း** ဆိုတဲ့ စာအုပ်ထဲမှာ ကျွန်တော် ဖတ်ဖူးတဲ့အတိုင်းပဲ၊ အမေရိကန်ရဲ့လုပ်ရပ်က အတော့်ကို စက်ဆုပ်ရွံ့ရှာဖို့ကောင်းနေတာပဲ။

ဘကြီးစိုး ။ ဘကြီး ဆက်ရှင်းပြရရင် **အမေရိကန်ကို မြန်မာတွေဘာ့ကြောင့်မုန်း** ဆိုတဲ့ စာအုပ်တစ်အုပ်တောင် ထပ်ထုတ်လို့ရသေးတယ်။

စိုးမြကျော် ။ ဟုတ်လားဘကြီး။ ဒါဆိုရင် ချစ်လုံးလုံး မုန်းလျှားလျှား ဆိုသလို အမေရိကန်အစိုးရဟာ မြန်မာနိုင်ငံရဲ့ မိတ်ဆွေလား၊ ရန်သူလား စည်းခြားပြီး ကွဲကွဲပြားပြား ခြားခြားနားနား သိရှိသွားအောင် ရှင်းပြပေးပါဦး။

ဘကြီးစိုး ။ အဲဒီလို MTA ကိုစတေးပြီး မြန်မာနိုင်ငံအပေါ် အမြတ်ထုတ်ဖို့ လုပ်ကြံလိုက်တဲ့ သူတို့ရဲ့စီမံကိန်း အရေးနိမ့်သွားပြန်တာမို့ အမေရိကန်က ဉာဏ်နီဉာဏ်နက်တွေ သုံးလာပြန်တယ်။

ကြီးကြီးမြ ။ ကြိုးရှည်ရှည်နဲ့ လှန်ထားတဲ့သဘောနဲ့ သူတို့ ကတိပေးထားတဲ့အတိုင်း အမေရိကန်နိုင်ငံ ဝါရှင်တန်နဲ့ နယူးယောက်မှာ MTA ရုံးခွဲတွေ ဖွင့်လှစ်ပေးခဲ့တယ်ကွယ့်။ အဲ့ဒီနောက် ၁၉၉၅ ခုနှစ်မှာ အမေရိကန် CIA က လွှတ်လိုက်တဲ့ အဖွဲ့တစ်ဖွဲ့ ဦးခွန်ဆာဆီ ရောက်လာပြန်တယ်။

ဘကြီးစိုး ။ အဲဒီ CIA အဖွဲ့က စစ်ရေးအရ အရေးနိမ့်ဆုံးရှုံးခဲ့ရတဲ့ MTA အဖွဲ့အတွက် ငွေကြေး၊ လက်နက်ခဲယမ်းနဲ့ အခြားစစ်ပစ္စည်းတွေ ပံ့အောပေးမယ်၊ အဲဒီအတွက် MTA ထိန်းချုပ်ထားတဲ့နယ်မြေမှာ အမေရိကန်ဒုံးပျံစခန်းတစ်ခု ချထားခွင့်ပြုရမယ်လို့ ကမ်းလှမ်းခဲ့ပြန်တယ်ကွယ့်။

စိုးမြကျော် ။ ဟာ...ဒုက္ခပါပဲ။ အဲဒီ အမေရိကန် ဒုံးပျံစခန်းကိုသာ ချထားခွင့်ပြုလိုက်မိရင် ကျွန်တော်တို့နိုင်ငံ ရေစုန်မျောရတော့မှာပဲ။

ကြီးကြီးမြ ။ အမှန်ပဲကွယ့်။ ကြီးကြီးတို့နိုင်ငံ ရေစုန်မျောရုံမက ရေတိမ်နစ်မှာ သေချာတယ်။ MTA ထိန်းချုပ်ထားတဲ့နယ်မြေဟာ ရှမ်းပြည်နယ်အတွင်းမှာ ရှိနေတယ်။ အဲ့ဒီရှမ်းပြည်နယ်အတွင်းကနေ ဘယ်နေရာ ဘယ်ဒေသကို အဏုမြူပုံးတွေ တပ်ဆင်ထားတဲ့ ဒုံးပျံတွေနဲ့ လက်လှမ်းတစ်မီ လွယ်လင့်တကူ ပစ်ခတ်လို့ရတယ်ဆိုတာ မောင်ကျော်တို့ တွေးကြည့်ကြပေတော့။

စိုးမြကျော် ။ **ဒါဟာ အမေရိကန်အစိုးရရဲ့ စစ်ရေးမဟာဗျူဟာအရ ၁၉၅၀ ပြည့်နှစ်ကာလက တရုတ်ဖြူ ကူမင်တန်တပ်ကျူးကျော်တပ်စွဲမှုနဲ့ မြန်မာနိုင်ငံကို စစ်မြေပြင်ဖြစ်အောင် လုပ်ဆောင်ခဲ့သလိုပဲ ၁၉၉၅ ခုနှစ်မှာလဲ ဦးခွန်ဆာရဲ့ MTA ကိုအသုံးချပြီး မြန်မာနိုင်ငံကို စစ်တလင်းဖြစ်အောင် လုပ်ကြံလိုက်တာပါပဲလား။ ကံသီပေလို့ပဲနော် ဘကြီး။**

ဘကြီးစိုး ။ **ကံသီပေလို့ပဲလို့လဲ ပြောလို့ရတယ်။ ကံကောင်းလို့ပဲလို့လဲ ပြောလို့ရတယ်။ ကံဆိုတာ အလုပ်လို့ ဆိုတယ်မဟုတ်လား။ ဒီနေရာမှာ နိုင်ငံတော်အစိုးရနဲ့ တပ်မတော်ရဲ့ မှန်ကန်ဖြူစင်ဖြောင့်မတ်တဲ့ လုပ်ဆောင်မှုတွေရဲ့ စေတနာမှန်သော ကံတရားလို့ ဆိုရပေလိမ့်မယ်။**

ကြီးကြီးမြ ။ **ကြီးကြီးတို့ နိုင်ငံတော်အစိုးရနဲ့ တပ်မတော်က ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးကို အလေးထားဆောင်ရွက်နေတယ် မဟုတ်လား။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေနဲ့ ၁၉၈၉ ခုနှစ်ကတည်းက တွေ့ဆုံဆွေးနွေးပွဲတွေ အကြိမ်ကြိမ်လုပ်ပြီး ငြိမ်းချမ်းရေး တည်ဆောက်ပေးခဲ့တယ် မဟုတ်လား။**

စိုးမြကျော် ။ ကျွန်တော်သဘောပေါက်ပြီ ကြီးကြီး။ ၃၁-၃-၈၉ ရက်နေ့ကနေ ၂၉-၆-၉၅ ရက်နေ့အထိ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ကြီး (၁၅)ဖွဲ့အထိ ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီး ငြိမ်းချမ်းရေး တည်ဆောက်နိုင်ခဲ့ကြပါတယ်။ အဲဒီသတင်းတွေကို ဦးခွန်ဆာတို့ MTA အဖွဲ့ကလဲ ကြားသိနေရမှာ အမှန်ပါပဲ။

ဘကြီးစိုး ။ ဒီနေရာမှာ ဦးခွန်ဆာအနေနဲ့ အမေရိကန် CIA ရဲ့ နယ်ချဲ့ပရိယာယ်ကို တွက်ဆနိုင်ခဲ့ပြီ ဖြစ်တယ်။ သူနဲ့ သူ့အဖွဲ့ကို ချစ်လို့၊ နှစ်သက်လိုလားလို့ အမေရိကန်က ကူညီအားပေးနေတာမဟုတ်ဘူး၊ သူတို့အဖွဲ့ကို လာရောက်သိမ်းသွင်းစည်းရုံးနေတာဟာ အမေရိကန်တွေ ကြွေးကြော်နေတဲ့ လူ့အခွင့်အရေး၊ ဒီမိုကရေစီအရေးကြောင့်လဲ မဟုတ်ဘူး။ ဗိုလ်ကျစိုးမိုးရေးနဲ့ အာရှတိုက်မှာ စစ်ရေးအရ လက်ဦးမှုရနိုင်ရေးအတွက်ပဲ ဖြစ်တယ်ဆိုတာ ကွက်ကွက်ကွင်းကွင်းကြီး သိသွားပြီလေကွယ်။

ကြီးကြီးမြ ။ ဦးခွန်ဆာတို့အနေနဲ့ နယ်ချဲ့ရဲ့ သွေးခွဲမှုပယောဂကြောင့် ဒို့တိုင်းရင်းသားအချင်းချင်း ညီအစ်ကို မသိတသိအချိန်ကနေ ကျော်လွှားရတော့မှာဖြစ်ကြောင်း သိသွားခဲ့ပြီလေကွယ်။

စိုးမြကျော် ။ ဒါကြောင့်မို့ တပ်မတော်အစိုးရနဲ့ MTA တို့ တွေ့ဆုံဆွေးနွေးမှုတွေလုပ်ပြီး ၁၉၉၆ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့မှာ MTA တစ်ဖွဲ့လုံး လူအင်အား ၁၄၀၀၀၊ လက်နက်အင်အား ၉၀၀၀ ခန့်နဲ့ လက်နက်နဲ့ငြိမ်းချမ်းရေး အပြီးအပိုင်လဲခဲ့တာပဲ ဖြစ်မယ်ထင်တယ်။

ကြီးကြီးမြ ။ ဒါပေါ့ကွယ်။ ဒို့ပြည်ထောင်စုကြီး တစ်ခုလုံးအတွက် ဘယ်လောက် ဝမ်းသာစရာ ကောင်းလိုက်လေသလဲ။

စိုးမြကျော် ။ အဲဒီလို တပ်မတော်အစိုးရနဲ့ ဦးခွန်ဆာတို့အဖွဲ့ အမျိုးသားရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝနဲ့ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်သူများပီပီ တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွားဖို့ ပူးပေါင်းလက်တွဲခဲ့ကြတာမို့ အမေရိကန်အစိုးရအဖို့ ခဲလေသမျှသဲရေကျ ဖြစ်သွားမှာပဲနော်ကြီးကြီး။

ကြီးကြီးမြ ။ ဘယ်ဖြစ်ပါ့မလဲ မောင်ကျော်ရယ်။ **အမေရိကန်အစိုးရကမင်းတို့လောက်များတော့ ရယ်နေလိမ့်ဦးမယ်။ လှေနံနှစ်ဖက်နင်းပြီး ငရုံ့နှစ်ကောင် ပြိုင်တူဖမ်းထားတာကွယ့်။ ဦးခွန်ဆာတို့ အဖွဲ့က ငြိမ်းချမ်းရေးတည်ဆောက်ခဲ့ပေမယ့် အဲဒီ ၁၉၉၅-၁၉၉၆ ကာလမှာပဲ ဒေါ်စုကြည်က အလုံးစုံပျက်သုဉ်းရေးဆိုတာနဲ့ မွေ့နှောက်ခဲ့တယ်လေကွယ်။**

စိုးမြကျော် ။ အဲဒီအမေရိကန်ကတော့ စံပါပဲဗျာ။ ခဲတစ်လုံးတည်းနဲ့ ငှက်နှစ်ကောင်ကို တစ်ပြိုင်တည်း ချိန်ပစ်လိုက်တာပဲ။ တစ်ကောင်မထိပေမယ့် တစ်ကောင်ထိသွားတယ်လို့ ဆိုရလောက်တယ်။

ကြီးကြီးမြ ။ အဲဒါပဲကွယ့်။ နိုင်ငံရပ်ခြားမှာ နှစ်ရှည်လများ သွားရောက် နေထိုင်ပြီး နိုင်ငံခြားတိုင်းတစ်ပါးရဲ့ ကျေးဇူးခံကျေးဇူးစား ဖြစ်နေသူနဲ့၊ ကိုယ့်ပြည်တွင်းမှာ မရှိအတူရှိအတူ အေးအတူ ပူအမျှ အတူတကွနေထိုင်သူရဲ့ စိတ်နေစိတ်ထား ခံယူချက် ကွာခြားသွားပုံက သိသာထင်ရှားလှတယ်။

ဘကြီးစိုး ။ မင်းကြီးကြီးက နိုင်ငံခြားတိုင်းတစ်ပါးရဲ့ ကျေးဇူးခံကျေးဇူး စားဖြစ်နေသူလို့ ပြောလာလို့ အဲ့ဒီကိစ္စနဲ့ ဒေါ်စုကြည် ပတ်သက်နေပုံကို ရှင်းပြရဦးမယ်။

စိုးမြကျော် ။ ဟုတ်ကဲ့ပါ ဘကြီး။ ကျွန်တော်လဲ ဒေါ်စုကြည်တစ်ယောက် ဘာ့ကြောင့်များ မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး အာဃာတတွေ ပြင်းထန်နေတာလဲဆိုတာ သိချင်နေပါတယ်။

ကြီးကြီးမြ ။ အထိရောက်ဆုံး စကားလုံးကို သုံးရမယ်ဆိုရင်တော့ ဒေါ်စုကြည်က ဒို့မြန်မာနိုင်ငံကို မစားရတဲ့အမဲ သဲနဲ့ပက်သလို လုပ်နေတာပဲကွယ့်။

ဘကြီးစိုး ။ မင်းကြီးကြီးပြောတာ မှန်တယ် မောင်ကျော်။ ဘကြီးတို့ အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်တဲ့ အခြေခံမူတချို့ကို အမေရိကန်အစိုးရက မလိုလားသလိုဘဲ တချို့သော အသေးစိတ်အခြေခံရမယ့် မူတွေကိုလဲ ဒေါ်စုကြည်က မလိုလားကြောင်း သုံးသပ် တွေ့ရှိနိုင်ပါတယ်။

စိုးမြကျော် ။ ဘာတွေများလဲ ဘကြီး။

ဘကြီးစိုး ။ အမျိုးသားညီလာခံက ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ပိုင်ခွင့်မရှိတဲ့ အသေးစိတ် အခြေခံရမယ့်မူ(၁၂)ချက် ချမှတ်ခဲ့တယ်။ အဲဒီအထဲမှာ ၁၉၄၇ ခုနှစ်က ဒေါ်စုကြည်ရဲ့ ဖခင်ဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်တင်ပြလို့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာ ထည့်သွင်းပြဋ္ဌာန်းခဲ့တဲ့ မူကြီး(၃)ရပ် ပါဝင်လာခဲ့လို့ပဲ ဖြစ်တယ်။

စိုးမြကျော် ။ အသေးစိတ် သိပါရစေ ဘကြီး။

ဘကြီးစိုး ။ ဒီမှာ ဘကြီးဖတ်ပြမယ်။ အဲဒီ အခြေခံရမယ့်မူ(၃)ရပ် ကတော့-

- **နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာကို ခံယူစောင့်ရှောက် ရှိသေသူ၊ သို့မဟုတ် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံ ဖြစ်သူ၊ သို့မဟုတ် တိုင်းတစ်ပါး၏ နိုင်ငံသားဖြစ်သူ၊**
- **နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူသော်လည်း ကောင်း၊ တိုင်းတစ်ပါး၏ နိုင်ငံသားသော်လည်းကောင်း ခံစားရသော အခွင့်အရေးများ၊ သို့မဟုတ် ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့်ရှိသူ၊**
- **နိုင်ငံခြား တိုင်းပြည်တစ်ခုခု၏အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းများမှ ငွေကြေး၊ မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်း စသည်တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ အထောက်အပံ့ရယူ သုံးစွဲသူ သို့မဟုတ် ယင်းသို့ အထောက်အပံ့ ရယူသုံးစွဲသည့် အဖွဲ့အစည်းဝင်ဖြစ်သူ**

ဆိုတာတွေပဲကွယ့်။

စိုးမြကျော် ။ **ဟာ...ဒီအချက်တွေက ကိုလိုနီနယ်ချဲ့စနစ်ဆိုးရဲ့ သွေးထိုး လုပ်ကြံမှု၊ သွေးခွဲသပ်လျှိုဖြိုခွင်းမှုတွေနဲ့ ပက်ပင်းရင်ဆိုင် တိုးခဲ့ရတဲ့ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် သမိုင်းအတွေ့အကြုံအရ ကိုလိုနီနယ်ချဲ့ရဲ့ သွယ်ဝိုက်သော နည်းနဲ့ ချုပ်ကိုင်ခြယ်လှယ်တာကို ကျွန်တော်တို့မြန်မာနိုင်ငံ မခံရအောင် ကြိုတင်ကာကွယ် ချမှတ် ပေးခဲ့တဲ့ မူတွေပဲ မဟုတ်လား။**

ကြီးကြီးမြ ။ အဲဒီလိုမူတွေဖြစ်နေလို့ ကိုလိုနီနယ်ချဲ့နဲ့ အပေါင်းပါတွေရဲ့ ပျားရည်လို ဆုအမျိုးမျိုးနဲ့ ဝမ်းချခံထားရတဲ့ ဒေါ်စုကြည်က မကြိုက်တာပေါ့ကွယ်။

စိုးမြကျော် ။ ဟာ...ဒေါ်စုကြည်က အခုစာကလေးကြော်၊ အခုဆီထမင်းလုပ်နေတာပါပဲလား ကြီးကြီး။ သူလိုရာ ဆွဲသုံးချင်တဲ့ အချက်အလက်တွေကျတော့ ကျွန်မဖေဖေက ဘယ်လိုပြောခဲ့တယ်၊ ဘယ်လိုဆိုခဲ့တယ်နဲ့။ ဒီလိုနေရာမျိုးကျတော့ ကျွန်မဖေဖေက ချမှတ်ခဲ့တဲ့မူမို့ ကျွန်မ ရိုသေလိုက်နာပါ့မယ်လို့ မပြောတော့ပါလား။

ဘကြီးစိုး ။ ဒါ့ကြောင့် ဒေါ်စုကြည်ဟာ ၁၉၉၅ ခုနှစ် ကန့်သတ်တားမြစ်မှု ရုပ်သိမ်းပေးခဲ့ချိန်ကစပြီး အရင်ကတည်းက သူကိုင်စွဲခဲ့တဲ့ **အမိန့်ဟူသမျှဖီဆန်ရေး၊ ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်ရေး** ဆိုတာတွေနဲ့ တစ်သဘောတည်းဖြစ်တဲ့ **စီးပွားရေးပိတ်ဆို့ရေး၊ ရင်းနှီးမြှုပ်နှံမှုမပြုလုပ်ရေး၊ ကုန်သွယ်မှု မပြုလုပ်ရေးနဲ့ ကမ္ဘာလှည့်ခရီးသည်များမလာရောက်ရေး** ဆိုတဲ့ ပြည်ပမှ အကျပ်ကိုင် ဖိအားပေးမှုတွေ ဆက်စပ်လုပ်ပေးဖို့ ဆက်တိုက်တောင်းဆိုခဲ့တာပဲကွယ့်။ *စာမျက်နှာ ၁၀ ကော်လံ ၁ သို့*

❐ **ဖွဲ့စည်းပုံအခြေခံဥပဒေသစ်မှာ ပြဋ္ဌာန်းထားတဲ့ နိုင်ငံရေးပါတီများအခန်းပါ ပြဋ္ဌာန်းချက်တွေနဲ့ ညီညွတ်တဲ့ နိုင်ငံရေးပါတီတွေအနေနဲ့ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေနဲ့အညီ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရကြမှာဖြစ်။ အဲ့ဒီအချိန်မှာ NLD အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံရေးပါတီများအခန်း ပြဋ္ဌာန်းချက်တွေနဲ့အညီ တရားဝင်ပါတီအဖြစ် ရှိနေသေးရင် အခြား ပါတီတွေနည်းတူ ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိမှာပါပဲ။**

❐ **အမျိုးသားညီလာခံသာလျှင် အနာဂတ်နိုင်ငံတော်အရေးအတွက် တစ်ခုတည်းသော ဆွေးနွေးရန် နေရာဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရန်နဲ့ ဒီမိုကရေစီကို အနှစ်သာရရှိရှိ ခိုင်ခိုင်မာမာကျင့်သုံးနိုင်ရန် လိုအပ်တဲ့အခြေခံမှုများကို ချမှတ်နေတဲ့ အမျိုးသားညီလာခံကိုသာ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း ထပ်မံပြောကြားလို။**

စာမျက်နှာ ၉ ဆောင်းပါးမှအဆက်

စိုးမြကျော် ။ အမေရိကန်နဲ့ အပေါင်းပါတွေကလဲ သူတို့တီးခိုင်းတဲ့ ဆိုင်းချက်အတိုင်း ဒေါ်စုကြည်တီးတဲ့ ဘီလူးဆိုင်းနဲ့ လိုက်ကပေးနေတယ်လို့ ဆိုရမှာပေါ့နော် ကြီးကြီး။

ကြီးကြီးမြ ။ ဒါပေါ့ကွယ်။ သူတို့က အဲဒီလို ဘုန်းကြီးရှူးနဲ့ လေ့လူး ဆိုသလို စခန်းသွားနေပေမယ့် နိုင်ငံတော်အစိုးရကတော့ **“သူများလို ဒို့မရိုင်းတယ်၊ တိုင်းသိပါရဲ့”** ဆိုရလောက်အောင် ဒေါ်စုကြည် တစ်လှေတည်းစီး၊ တစ်ခရီးတည်း အတူသွားရအောင် တွေ့ဆုံဆွေးနွေးမှုတွေ အကြိမ်ကြိမ် အထပ်ထပ် ပြုလုပ်ခဲ့ပါသေးတယ်။

ဘကြီးစိုး ။ ဟုတ်တယ်ကွယ့်။ အဲဒီ ၁၉၉၆ ခုနှစ်ကနေ ၂၀၀၂ ခုနှစ် ကာလအတွင်းမှာ နိုင်ငံတော်အကြီးအကဲ ကိုယ်တိုင် ဒေါ်စုကြည်နဲ့ လေးကြိမ်တိုင်တိုင် တွေ့ဆုံခဲ့တယ်။ ဝန်ကြီး အဆင့် ပါဝင်တဲ့ အဖွဲ့ကလဲ ဒေါ်စုကြည်၊ NLD CEC အဖွဲ့နဲ့ အကြိမ်(၂၀)တိုင်တိုင် တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

စိုးမြကျော် ။ အဲဒီနောက်ပိုင်းကာလတွေက ဖြစ်ရပ်တွေကို ကျွန်တော် လေ့လာသိရှိထားပါတယ် ဘကြီး။ ဒီမိုကရေစီစနစ် ကျင့်သုံးရာမှာ မရှိမဖြစ်လိုအပ်တဲ့ အခြေခံကောင်းတွေကို နိုင်ငံတော်က ကိုယ့်အားကိုယ်ကိုးပြီး တည်ဆောက်ပေးထားသမျှ ဒေါ်စုကြည်နဲ့ NLD CEC တွေ လေ့လာကြည့်ရှုနိုင်အောင်၊ အဲဒီလို လေ့လာကြည့်ရှုပြီး အပြုသဘောနဲ့ ပါဝင်ပူးပေါင်း ဆောင်ရွက်နိုင်အောင် ခရီးစဉ်တွေ စီစဉ်ပေးခဲ့တယ်လို့ သိရပါတယ်။

ကြီးကြီးမြ ။ ဘယ်လိုပဲ အဆင်ပြေချောမွေ့အောင် တွေ့ဆုံဆွေးနွေး စီစဉ်ပေးခဲ့ပေမယ့် ပိုးသာကုန် မောင်ပုံ စောင်းမတတ် ဆိုသလိုပါပဲကွယ်။ နိုင်ငံနဲ့ပြည်သူတွေအတွက် အကျိုးရလဒ်ကောင်း ဘာတစ်ခုမှ ပေါ်ထွက်မလာခဲ့ပါဘူး။

စိုးမြကျော် ။ ဘယ်ပေါ်ထွက်ပါ့မလဲ ကြီးကြီးရယ်။ သူတို့က ပြည်ပဆရာကြီးတွေရဲ့ ကျား၊ ကျား-မီးယပ် ကုထုံးအတိုင်း ဆေးစားမှားနေကြတာကိုး။

ဘကြီးစိုး ။ အဲဒီလို ဒေါ်စုကြည်နဲ့ တွေ့ဆုံဆွေးနွေးမှုတွေကနေ အကျိုးရလဒ်ကောင်းတွေ ပေါ်ထွက် မလာပေမယ့် ယခင် အမျိုးသားညီလာခံမှာ တက်ရောက်တွေ့ဆုံဆွေးနွေးခဲ့တဲ့ NLD ရွေးချယ်ခံကိုယ်စားလှယ် တချို့ဆီကတော့ အကျိုးရလဒ်ကောင်းတွေ ထွက်ပေါ်ခဲ့တာကိုလဲ ဝမ်းမြောက်ဖွယ် တွေ့ရှိရတယ်ကွယ့်။

စိုးမြကျော် ။ ဟုတ်လား ဘကြီး။ ကျွန်တော် အမှုမဲ့အမှတ်မဲ့ ဖြစ်သွားလို့ ရှင်းပြပေးပါဦး။

ဘကြီးစိုး ။ **ဒေါ်စုကြည်ရဲ့ တစ်ချက်လွှတ်အမိန့်ကြောင့် ၁၉၉၅ ခုနှစ် နိုဝင်ဘာလ ၂၈ရက်နေ့မှာ အမျိုးသားညီလာခံကို ကျောခိုင်းထွက်ခွာခဲ့ကြရပေမယ့် NLDပါတီဝင် အမျိုးသားညီလာခံ ကိုယ်စားလှယ်အများစုကတော့ အဲဒီ လုပ်ရပ်အမှားကို ပြန်လည် ဝေဖန်သုံးသပ်ခဲ့ကြတယ်ကွယ့်။**

ကြီးကြီးမြ ။ **အဲဒီ အမျိုးသားညီလာခံကိုယ်စားလှယ် NLD ပါတီဝင် ပုဂ္ဂိုလ်အချို့က ပါတီတွင်း ဒီမိုကရေစီကျင့်သုံးမှုနဲ့အညီ သုံးသပ်တင်ပြခဲ့ပေမယ့် ဒေါ်စုကြည်က လက်မခံဘဲ ပယ်ချခဲ့ တယ်လေ။**

စိုးမြကျော် ။ **ဒါဟာ NLD ပါတီအတွင်းမှာ ပါတီနိုင်ငံရေးထက် အမျိုးသားနိုင်ငံရေးကို ဦးစားပေး ဆောင်ရွက်လိုသူတွေ၊ ပုဂ္ဂိုလ်ရေးကိုးကွယ်မှုထက် အခြေခံမူဝါဒလမ်းစဉ်ကို စွဲစွဲမြဲမြဲ လိုက်နာ ကျင့်သုံးလိုသူတွေလဲ ရှိနေသေးကြောင်း ဖော်ပြနေတာပဲနော် ဘကြီး။**

ဘကြီးစိုး ။ ဒါပေါ့ကွယ်။ ၁၉၉၈ခုနှစ်မှာ ဒေါ်စုကြည်က တစ်စခန်းထပြီး လွှတ်တော်ကို ဘယ်နေ့မှာ ခေါ်ပေးရမယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ (CRPP) ဖွဲ့စည်းတယ်ဆိုပြီး ထိပ်တိုက်ရင်ဆိုင် ဆန့်ကျင်မှုတွေ လုပ်လာပြန်တယ်။

ကြီးကြီးမြ ။ ဒေါ်စုကြည်နဲ့ NLD ဗဟိုရဲ့ အဲဒီ နိုင်ငံရေး၊ စည်းရုံးရေး လုပ်ရပ်အမှားတွေကို ပြုပြင်သင့်ကြောင်း တိုင်းအဆင့် ပါတီစည်းရုံးရေးကော်မတီဝင် အချို့နဲ့ အရွေးချယ်ခံ ကိုယ်စားလှယ်အချို့ ပါဝင်တဲ့ ၂၅ ဦးအဖွဲ့က စာတမ်းရေးသား တင်ပြခဲ့ကြပြန်တယ်လေ။

စိုးမြကျော် ။ အဲဒီ အကြံပြုချက်စာတမ်းကို ပါတီဝင်ထုအတွင်းမှာ ချပြဆွေးနွေးခဲ့ကြမှာပေါ့နော် ကြီးကြီး။

ကြီးကြီးမြ ။ ဟုတ်လိမ့်မယ်အားကြီး။ ဒေါ်စုကြည်က ပါတီဝင်တွေရဲ့ စကားနဲ့ ပြည်သူလူထုရဲ့အသံကို နားမှလေသံကြားချင်တာမဟုတ်ဘူး။ ဒေါ်စုကြည်ရဲ့မျက်စောင်း အကြောင်း သုံးပါးမရွေးဘူး ဆိုသလိုပဲ အဲဒီစာတမ်းတင်တဲ့ ပါတီဝင် ၂၅ဦးကို သစ္စာဖောက်တွေလို့သမုတ်ပြီး ပါတီက ဖြုတ်ထုတ်ခဲ့တယ် လေကွယ်။

ဘကြီးစိုး ။ အဲဒီအချိန်ကစပြီး NLD ပါတီအတွင်းမှာ **ပြည်ပအားကိုးရေးနဲ့ အမျိုးသားရေး** ဆိုပြီး အယူအဆကွဲခဲ့ကြတယ်။ တချို့ သက်ကြီးရွယ်အို NLD CEC တွေကတော့ သေမထူးနေမထူး ဖြစ်နေပြီမို့ ဒေါ်စုကြည် အလိုအတိုင်း ချော်လဲရောထိုင်လုပ်နေကြတုန်းပဲ ဖြစ်တယ်။ အမျိုးသားရေးကို ရှေးရှုတဲ့ ပါတီဝင်တွေကတော့ NLD ထဲက တဖွဲဖွဲနုတ်ထွက်နေကြတာ ယနေ့အထိပါပဲ။

စိုးမြကျော် ။ ဒါဆို NLD ပါတီရဲ့ ရှေ့အလားအလာကို ဘယ်လို သုံးသပ်လို့ရနိုင်မလဲဘကြီး။

ဘကြီးစိုး ။ အဲဒီလို သုံးသပ်ဖို့အတွက် အခုပြန်လည်ကျင်းပနေတဲ့ အမျိုးသားညီလာခံရဲ့ အောင်မြင်ဖြစ်ထွန်းမှု အခြေအနေတွေနဲ့ ဆက်စပ်နှိုင်းယှဉ် လေ့လာကြည့်ရမှာဖြစ်တယ်။

ကြီးကြီးမြ ။ ၂၀၀၃ခုနှစ် ဩဂုတ်လမှာ နိုင်ငံတကာကရော၊ ပြည်သူလူထုအတွင်းမှာရော၊ နိုင်ငံရေး ပါတီတွေထဲမှာရော ပွင့်ပွင့်လင်းလင်း ထင်သာမြင်သာရှိအောင် နိုင်ငံတော်ရှေ့ဆက်သွားမယ့်မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ကြေညာခဲ့တယ်။

စိုးမြကျော် ။ ဟုတ်ကဲ့ပါကြီးကြီး။ အဲဒီ မူဝါဒလမ်းစဉ်(၇)ရပ်ရဲ့ ပထမ အဆင့်လဲဖြစ်ပြီး အရေးအကြီးဆုံး အဆင့်လဲဖြစ်တဲ့ အမျိုးသားညီလာခံကို ၂၀၀၄ ခုနှစ် မေလ ၁၇ရက်နေ့မှာ ပြန်လည်ကျင်းပခဲ့ကြောင်း သိရပါတယ်။

ဘကြီးစိုး ။ အဲဒီလို ပြန်လည်ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံမှာ အခုသူတို့အကြောင်းပြုပြီး ပြောနေဆိုနေကြတဲ့ သက်ဆိုင်သူအားလုံး ပါဝင်တက်ရောက်ဆွေးနွေးနိုင်အောင် နိုင်ငံတော်အစိုးရက လမ်းဖွင့်ပေးခဲ့ပါတယ်။

ကြီးကြီးမြ ။ အမျိုးသားညီလာခံ ပြန်လည်မကျင်းပမီမှာ ယခင်အမျိုးသားညီလာခံကို တက်ရောက်ခဲ့တဲ့ ကိုယ်စားလှယ်အားလုံး တက်ရောက်ကြဖို့ နိုင်ငံတော်ဘက်က ဝတ္တရားမပျက်ဘဲ ဖိတ်ကြားခဲ့တယ်လေ။

ဘကြီးစိုး ။ ဒါ့အပြင် တစ်နိုင်ငံလုံးကို ကိုယ်စားပြုတဲ့ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်တွေ ပါဝင် တက်ရောက်နိုင်ဖို့အတွက် မြန်မာနိုင်ငံမှာ မြို့နယ် ၃၆၅မြို့နယ်ရှိတဲ့အနက် တစ်မြို့နယ်ကနေ အနည်းဆုံးကိုယ်စားလှယ် တစ်ဦးကျစီ ပါဝင်တက်ရောက်နိုင်အောင် ဖိတ်ကြားခဲ့တယ်။ စုစုပေါင်း အမျိုးသားညီလာခံကိုယ်စားလှယ် ၁၀၈၈ ဦးအထိ ဖိတ်ကြားတက်ရောက်စေခဲ့ပါတယ်။

စိုးမြကျော် ။ အဲဒီအထဲမှာ NLD ကိုယ်စားလှယ်တွေ မပါဘူးလား ဘကြီး။ သူတို့ကိုလဲ ဖိတ်ကြားခဲ့တယ်ဆို။

ဘကြီးစိုး ။ ဖိတ်ကြားခဲ့ပါတယ်ကွယ်။ ပထမတော့ ကောင်းပြီကောင်းရဲ့နဲ့ ဖိတ်ကြားစာတွေကို လက်ခံခဲ့တယ်။ အဲဒီလို လက်ခံရာမှာလဲ တောင်းဆိုချက်အမျိုးမျိုး တောင်းဆိုခဲ့တယ်။ နိုင်ငံတော်ကလဲ လိုက်လျောသင့်တာတွေကို လိုက်လျောပေးခဲ့ပါတယ်။

ကြီးကြီးမြ ။ နောက်ဆုံး ညီလာခံစတင်ခါနီးရက်နဲ့ကပ်ပြီး သူတို့ မတက်နိုင်ဘူးလို့ ငြင်းပယ်ခဲ့တယ်။ သူတို့နဲ့အတူ SNLD လည်း ရောပါသွားခဲ့တာပေါ့ကွယ်။

စိုးမြကျော် ။ တော်တော်ခက်တဲ့ နိုင်ငံရေးသမားဆိုသူတွေပါလား ဘကြီး။ သူတို့ပဲ တွေ့ဆုံဆွေးနွေးရေး ဆိုတာကို တစာစာ တောင်းဆိုခဲ့ကြတယ်။ နိုင်ငံတော်က စိတ်ရှည်သည်းခံ လိုက်လျောမှုတွေနဲ့ အကြိမ်ကြိမ် တွေ့ဆုံဆွေးနွေးခဲ့တာပဲ။ အခွင့်အလမ်းတွေ ဖွင့်ပေးခဲ့တာပဲ။

ဘကြီးစိုး ။ NLD က ပါတီအနေနဲ့ အမျိုးသားညီလာခံကို မတက်ရောက်ခဲ့ဘူးဆိုပေမယ့် NLD ပါတီရဲ့ တစ်ချက်လွှတ် အမိန့်နဲ့ ထုတ်ပယ်ခံခဲ့ရတဲ့ ပါတီဝင်တွေထဲက ရွေးချယ်ခံကိုယ်စားလှယ် ၇ ဦးကတော့ တစ်သီးပုဂ္ဂလရွေးချယ်ခံကိုယ်စားလှယ်တွေအဖြစ် အမျိုးသားညီလာခံကို ယုံကြည်သက်ဝင်စွာနဲ့ ဆက်လက်တက်ရောက်ခဲ့ကြပါတယ်။

စိုးမြကျော် ။ ဒါဆိုရှင်းနေပြီပဲ ဘကြီးရယ်။ ၁၉၉၃ခုနှစ်မှာ ဒေါ်စုကြည်ရဲ့ လောင်းရိပ်အောက်က လွတ်မြောက်ခဲ့တဲ့ ဦးအောင်ရွှေ အပါအဝင် NLD ကိုယ်စားလှယ် ၈၆ဦး အမျိုးသားညီလာခံမှာ ပါဝင်တက်ရောက်ခဲ့ကြတယ်။ အခုအမျိုးသားညီလာခံမှာလဲ ဒေါ်စုကြည်ရဲ့ လောင်းရိပ်အောက်က ရုန်းထွက်နိုင်ခဲ့တဲ့ ယခင် NLD ရွေးချယ်ခံကိုယ်စားလှယ် ၇ဦးက တစ်သီးပုဂ္ဂလ ရွေးချယ်ခံကိုယ်စားလှယ်များ အဖြစ် ပါဝင် တက်ရောက်နေကြတာပဲ။

ကြီးကြီးမြ ။ မောင်ကျော် သုံးသပ်တာမှန်တယ်ကွယ့်။ **ဒါဟာ ပုဂ္ဂိုလ်ရေးအရ ရွေးချယ်မှုမဟုတ်ဘဲ အမျိုးသားနိုင်ငံရေးအရ ရွေးချယ်မှု ဖြစ်တယ်။ ဒီအချက်ဟာ အခု အမျိုးသားညီလာခံမှာ NLD တက်ရောက်ခြင်း၊ မတက်ရောက်ခြင်း ဆိုတာရဲ့ အကြောင်းရင်းကို ကွက်ကွက်ကွင်းကွင်း သိသာထင်ရှားစေတဲ့အချက်ပဲ ဖြစ်တယ်။**

စိုးမြကျော် ။ သမိုင်းရေစီးကြောင်း တစ်ကွေ့မှာတော့ မိကျောင်းမှန်ဆန်လိမ့်မည်၊ သစ်တုံးမှန်စုန်လိမ့်မည် ဆိုတဲ့အတိုင်းပဲနော်။

ဘကြီးစိုး ။ မှန်တာပေါ့ကွယ်။ အခုဆိုရင် ဘကြီးတို့ အမျိုးသားညီလာခံမှာ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်က ၆၀ ရာခိုင်နှုန်းကျော်ပါဝင်နေတယ်။ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့တဲ့ တိုင်းရင်းသား ငြိမ်းချမ်းရေးအဖွဲ့တွေက ကိုယ်စားလှယ်တွေလဲ ရာနဲ့ချီ ပါဝင်နေတယ်။

ကြီးကြီးမြ ။ မပါဝင်တာဆိုလို့ NLD ၊ SNLD နဲ့ တောတွင်း လက်ကျန် သောင်းကျန်းသူအဖွဲ့အချို့ဆိုတဲ့ လက်တစ်ဆုပ်စာမျှသာ ရှိပါတော့တယ်။

စိုးမြကျော် ။ အခုအချိန်ကျမှ အမျိုးသားညီလာခံကြီးကို ရပ်တန့်ပြီး သူတို့နဲ့ တွေ့ဆုံဆွေးနွေးရေး လုပ်ဖို့ဆိုတာ ဖြစ်နိုင်ပါဦးမလား ဘကြီး။

ကြီးကြီးမြ ။ အဲ့ဒီလိုလုပ်ခဲ့ပြန်ရင် အားလုံးက စိတ်တူကိုယ်တူနဲ့ လက်နဲ့ရေးခဲ့တာကို သူတို့ကခြေနဲ့ ဖျက်ကြဦးမှာ သေချာပါတယ်။ အချိန်တွေလဲ ကုန်လွန်ကြာမြင့်လာခဲ့ပါပြီ။ ၁၉၉၅ ခုနှစ်က တစ်ကြိမ်၊ ၂၀၀၄ခုနှစ်က တစ်ကြိမ် အမေရိကန်ရဲ့ ပယောဂကြောင့် ဒေါ်စုကြည်ရဲ့ တစ်ချက်လွှတ်အမိန့်နဲ့ အမျိုးသားညီလာခံကို NLD ကသာ ဆန့်ကျင်ကျောခိုင်း ငြင်းပယ်မှု မပြုခဲ့ရင် အခုအချိန်လောက်မှာ ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ကို ရေးဆွဲပြဋ္ဌာန်းပြီး ဖြစ်နေလောက်ပါပြီ။

ဘကြီးစိုး ။ ဒီနေရာမှာ သူတို့တောင်းဆိုနေတဲ့ တွေ့ဆုံဆွေးနွေးရေး ဆိုတာနဲ့ပတ်သက်ပြီး ဘကြီး လက်လှမ်းမီသမျှ နိုင်ငံတော်အစိုးရရဲ့ မူဝါဒဆိုင်ရာ ရှင်းလင်းပြောကြားချက်တွေကို ဖော်ပြလိုပါတယ်။ ၂၀၀၆ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်နေ့က ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပြောကြားတဲ့ မိန့်ခွန်းမှာ **“အမျိုးသားညီလာခံကြီးမှာ နေရာဒေသတိုင်းက တိုင်းရင်းသား ကိုယ်စားလှယ်တော်ကြီးများ၊ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာတဲ့ တိုင်းရင်းသား ကိုယ်စားလှယ်တော်ကြီးများ၊ အလွှာအသီးသီးမှ ပုဂ္ဂိုလ်ကြီးများ အစုံညီဆုံး တက်ရောက်ခဲ့ကြတာ ဖြစ်တဲ့အတွက် အမျိုးသားညီလာခံကြီးကို ပျက်စီးရာ ပျက်စီးကြောင်း ကြံစည်နေကြသူတွေရဲ့ တွေ့ဆုံဆွေးနွေးရေးဆိုတဲ့ တောင်းဆိုချက်ဟာလဲ အနှစ်သာရပြည့်ဝလှတဲ့ အမျိုးသားညီလာခံကြီးရဲ့ မှန်ကန်တဲ့ အရှိန်အဝါအောက်မှာ သေးသိမ် ပျောက်ကွယ်သွားပြီ ဖြစ်ကြောင်း ပြောကြားလိုပါတယ်”**လို့ ရှင်းလင်းပြောကြားခဲ့တာ တွေ့ရှိရတယ်ကွယ့်။

ကြီးကြီးမြ ။ ၂၀၀၆ခုနှစ် အောက်တိုဘာလ ၈ ရက်နေ့မှာကျင်းပတဲ့ အမျိုးသားညီလာခံနဲ့စပ်လျဉ်းတဲ့ သတင်းစာရှင်းလင်းပွဲမှာလည်း အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက **“နိုင်ငံတော်အစိုးရအနေနဲ့ NLD အား အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ဖို့ လက်တွဲခေါ်ယူခဲ့ပေမယ့် NLDဟာ ယခင်ကျင့်သုံးခဲ့သော ထိပ်တိုက်ရင်ဆိုင်ရေး၊ အလုံးစုံပျက်သုဉ်းရေး စတဲ့ မူဝါဒများကိုပဲ ဆက်လက် ကိုင်စွဲနေခဲ့တဲ့အတွက် ယခု အချိန်မှာ NLD အား ထပ်မံတွေ့ဆုံဆွေးနွေးရန် အကြောင်းမရှိတော့ပါ”**လို့ ပြည်တွင်းပြည်ပ သတင်းစာ ဆရာတွေကို ရှင်းလင်းပြောကြားသွားတာ တွေ့ရတယ်ကွယ့်။

ဘကြီးစိုး ။ ဒါ့အပြင် **“အမျိုးသားညီလာခံဟာ NLD တောင်းဆိုတဲ့ နှစ်ဖက် တွေ့ဆုံဆွေးနွေးရေးထက်ရော၊ မဲသရောထ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးထက်ရော ပိုမိုကျယ်ပြန့်ပြီး ပြည်သူအားလုံးကို ပိုမိုကိုယ်စားပြုနေတာ တွေ့ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသားညီလာခံသာလျှင် အနာဂတ်နိုင်ငံတော် အရေးအတွက် တစ်ခုတည်းသော ဆွေးနွေးရန် နေရာဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရန်နဲ့ ဒီမိုကရေစီကို အနှစ်သာရရှိရှိ ခိုင်ခိုင်မာမာကျင့်သုံးနိုင်ရန် လိုအပ်တဲ့အခြေခံမူများကို ချမှတ်နေတဲ့ အမျိုးသားညီလာခံကိုသာ ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း ထပ်မံပြောကြားလိုပါတယ်”**လို့လဲ ရှင်းလင်းပြောကြားသွားတာကို ဘကြီးတို့ လေ့လာတွေ့ရှိရတယ်။

ကြီးကြီးမြ ။ အဲဒီသတင်းစာရှင်းလင်းပွဲမှာပဲ သတင်းစာဆရာတစ်ဦးရဲ့ မေးမြန်းချက်ကို ပြန်လည်ရှင်းလင်း ဖြေကြားရာမှာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက **“NLD ဟာ ၎င်းတို့နဲ့ တွေ့ဆုံဆွေးနွေးရေးကိုသာ တောင်းဆိုနေပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ NLD ကို အကြိမ်ကြိမ် အခွင့်အရေးပေးခဲ့ပြီးဖြစ်ပါတယ်။ အဲ့ဒီလို ပေးလိုက်တိုင်း လက်ရှိ ဆောင်ရွက်နေမှုများ ပျက်ပြားအောင် လုပ်ဆောင်ခဲ့တာကို တွေ့ရမှာပဲဖြစ်ပါတယ်။ ဒါ့ကြောင့် ပြည်သူများလိုလားတဲ့ ဒီမိုကရေစီဖော်ဆောင်နိုင်ရေးအတွက် အမျိုးသားညီလာခံကိုသာ ဆက်လက် ကျင်းပပြီး အခြေခံဥပဒေ ဖြစ်ထွန်းပေါ်ပေါက်အောင် ဆောင်ရွက်သွားမယ်လို့ ခံယူထားပါတယ်”**လို့ ရှင်းလင်းပြောကြားသွားတာကို တွေ့ရှိရတယ်ကွယ့်။

စိုးမြကျော် ။ **ဟုတ်ကဲ့ပါ ဘကြီး။ အဲဒီ ရှင်းလင်းပြောကြားချက်တွေအရ ဆိုရင် NLD နဲ့ တွေ့ဆုံဆွေးနွေးဖို့ မရှိတော့ဘူးဆိုတာ**

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

8-2 (10) 1 2/8/07, 3:44 PM

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)သို့ ဆေးတက္ကသိုလ်(၁)(ရန်ကုန်)မှ ကျောင်းသားများလာရောက်လေ့လာ

ရန်ကုန် ဖေဖော်ဝါရီ ၇

ဆေးတက္ကသိုလ်(၁)(ရန်ကုန်)မှ နောက်ဆုံးနှစ် အပိုင်း(က)ကျောင်းသား ကျောင်းသူများသည် ဆေးတက္ကသိုလ်(၁)(ရန်ကုန်)ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာနမှ ဆရာ၊ ဆရာမများဦးဆောင်လျက် ယနေ့နံနက် ၉ နာရီက မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) ဘက်စုံအဆောက်အအုံသို့ ရောက်ရှိကြသည်။

နှုတ်ခွန်းဆက်

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာက အသင်းဖွဲ့စည်းပုံအဆင့်ဆင့်နှင့် အသင်း၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး ဗဟိုအလုပ်အမှုဆောင် ဒေါ်သဇင်နွယ်က အသင်း၏ ပညာရေး၊စီးပွားရေး၊ လူမှုရေးစောင့်ရှောက်မှုလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ကြည့်ရှုလေ့လာ

ထို့နောက် လေ့လာရေးအဖွဲ့ဝင် ဆေးတက္ကသိုလ်(၁)အပိုင်း(က)ကျောင်းသား၊ ကျောင်းသူများသည် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) ဘက်စုံအဆောက်အအုံတွင်းရှိ ရောဂါရှာဖွေရေး ဆေးခန်းနှင့် ကလေးသူငယ် ဘက်စုံ ဖွံ့ဖြိုးရေးဌာန မူကြိုကျောင်းများသို့ လှည့်လည်ကြည့်ရှုလေ့လာကြသည်။ **(သတင်းစဉ်)**

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အခမ်းအနား တက်ရောက်မည့် မွန်ပြည်နယ်မှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ နေပြည်တော်သို့ ရောက်ရှိလာရာ ကြိုဆိုသူများနှင့်အတူတွေ့ရစဉ်။

(သတင်းစဉ်)

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အခမ်းအနား တက်ရောက်မည့် ဧရာဝတီတိုင်းမှပြည်ထောင်စုနေ့ကိုယ်စားလှယ်များ နေပြည်တော်သို့ရောက်ရှိလာရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုနေ့အခမ်းအနား တက်ရောက်ရန် ပြည်နယ်၊တိုင်းများမှ ကိုယ်စားလှယ်များရောက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၇

နေပြည်တော်ရှိ မြို့တော်ခန်းမ၌ကျင်းပမည့် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ကြမည့် ပြည်နယ်နှင့်တိုင်းများမှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များသည် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မီးရထား၊ လေကြောင်းခရီးများဖြင့် ရောက်ရှိလာကြရာ နေပြည်တော်ရှိ ရွာတော်ဘူတာနှင့် နေပြည်တော်လေဆိပ်တို့၌ ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီနှင့် ဆပ်ကော်မတီ အသီးသီးတို့မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုကြပြီး တည်းခိုဆောင်များသို့ ပို့ဆောင်နေရာချထားပေးကြသည်။

ရောက်ရှိ

ယနေ့နေပြည်တော်သို့ ရောက်ရှိလာကြသည့် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များမှာ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ တနင်္သာရီတိုင်း၊ မကွေးတိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် ရခိုင်ပြည်နယ်များမှ ဖြစ်ကြသည်။

(သတင်းစဉ်)

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

ပေါ်လွင်နေပါတယ်။ ဒါဆို NLD အပါအဝင် အခြား ဆန့်ကျင်ဘက် နိုင်ငံရေးပါတီတွေအတွက် အနာဂတ် အလားအလာ ဘယ်လိုရှိလာမလဲ ဘကြီး၊ သုံးသပ် ဆွေးနွေး ရှင်းပြပေးပါဦး။

ကြီးကြီးမြ ။ **မောင်ကျော်ရေ၊ ရှင်းရှင်းပြောရရင်တော့ NLD ရဲ့တွေ့ဆုံဆွေးနွေးရေးနဲ့ အလုံးစုံပျက်သုဉ်းရေးဆိုတဲ့ မီးစတစ်ဖက် ရေမှုတ်တစ်ဖက် မူဝါဒအမှားကို လေ့လာတွေ့ရှိ သိမြင်နေတဲ့ ပြည်သူတချို့ကဆိုရင် မြန်မာ့နိုင်ငံရေးခရီးစဉ်ရဲ့ အမျိုးသားနိုင်ငံရေးကဏ္ဍမှာ NLD ကို ချန်ထားရစ်ခဲ့ဖို့တောင် ဆန္ဒရှိနေ၊ ပြောဆိုရေးသားနေကြတာ တွေ့နေရတယ်ကွယ့်။**

ဘကြီးစိုး ။ **ဟုတ်တယ်ကွယ့်။ အဲဒီလို နိုင်ငံရေး၊ စည်းရုံးရေး အမှားဝဲဂယက်က ရုန်းမထွက်နိုင်ဘဲ ပြုပြင်ပြောင်းလဲမှုမရှိတော့တဲ့ NLD ရဲ့လုပ်ရပ်တွေကြောင့် ပြည်သူတချို့ရဲ့ အယူအဆက မင်းကြီးကြီး ဆွေးနွေးသွားသလို မြန်မာ့နိုင်ငံရေးခရီးစဉ်ရဲ့ အမျိုးသားရေးကဏ္ဍမှာ NLD ကို ချန်ထားရစ်ခဲ့ဖို့အထိ ဆန္ဒပြင်းပြနေကြတာ အမှန်ပဲ။ ဒီကိစ္စမှာ နိုင်ငံတော်ရဲ့ သဘောထားကိုတော့ လက်ရှိကျင်းပဆောင်ရွက်နေတဲ့ အမျိုးသားညီလာခံနဲ့ နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်တို့နဲ့ ဆက်စပ်ပြီး သုံးသပ်ရှင်းလင်းရမယ်လို့ ဘကြီး ထင်တယ်ကွယ့်။**

စိုးမြကျော် ။ ဟုတ်ကဲ့၊ ရှင်းပြပေးပါဦး ဘကြီး။

ဘကြီးစိုး ။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာမှာ ပါဝင်မယ့် အခန်းပေါင်း(၁၅)ခန်းရှိတဲ့အနက် ၂၀၀၆ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့မှ ဒီဇင်ဘာလ ၂၉ ရက်နေ့အထိ ကျင်းပပြီးစီးခဲ့တဲ့ အမျိုးသားညီလာခံမှာ နောက်ဆုံးကျန်ရှိနေသော အခန်း(၇)ခန်းဖြစ်တဲ့ ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနဲ့ အထွေထွေ ပြဋ္ဌာန်းချက်များ အခန်းတို့နဲ့စပ်လျဉ်းပြီး ညီလာခံကိုယ်စားလှယ်အစုအဖွဲ့အသီးသီးက အကြံပြုချက်စာတမ်းတွေရေးသားပြုစု ဖတ်ကြားတင်ပြခဲ့ကြပြီးဖြစ်တယ်ကွယ့်။

စိုးမြကျော် ။ ဒါဆို အမျိုးသားညီလာခံကို ပြန်လည်ကျင်းပရင် အဲ့ဒီအခန်းတွေအတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူတွေကို ညီလာခံကိုယ်စားလှယ်တွေရဲ့ ဆန္ဒနဲ့အညီ ချမှတ်သွားနိုင်တော့မှာပေါ့နော် ဘကြီး။

ဘကြီးစိုး ။ ဒါပေါ့ကွယ်။ အဲဒီလို အမျိုးသားညီလာခံ အောင်မြင်စွာ ကျင်းပပြီးစီးသွားတဲ့အခါမှာ နိုင်ငံတော် ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်နဲ့အညီ အမျိုးသားညီလာခံက ချမှတ်ပေးသော အခြေခံရမယ့်မူတွေနဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို ရေးဆွဲနိုင်တော့မှာ ဖြစ်တယ်ကွယ့်။

ကြီးကြီးမြ ။ အဲဒီရေးဆွဲပြီးတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြီး အတည်ပြုသွားမှာဖြစ်တယ်။ ဒါ့ကြောင့် အဲ့ဒီဆန္ဒခံယူပွဲမှာ နိုင်ငံရေးပါတီအသီးသီးက ပါတီဝင်တွေလဲ ပြည်သူတွေနဲ့အတူ ပါဝင်ဆန္ဒပြုနိုင်ကြမှာ ဖြစ်တယ်ကွယ့်။ ပြည်သူတွေရဲ့ ဆန္ဒနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို အတည်ပြုပြီးရင် အဲ့ဒီအခြေခံဥပဒေနဲ့အညီ လွှတ်တော်များဖွဲ့စည်းရေးအတွက် ရွေးကောက်ပွဲတွေ ကျင်းပသွားမှာဖြစ်တယ်။

ဘကြီးစိုး ။ **အဲဒီလို ရွေးကောက်ပွဲတွေ ကျင်းပတဲ့အခါကျရင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်မှာ ပြဋ္ဌာန်းထားတဲ့ နိုင်ငံရေးပါတီများ အခန်းပါ ပြဋ္ဌာန်းချက်တွေနဲ့ ညီညွတ်တဲ့ နိုင်ငံရေးပါတီတွေအနေနဲ့ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေနဲ့အညီ ဝင်ရောက် ယှဉ်ပြိုင်ခွင့်ရကြမှာဖြစ်တယ်။ အဲ့ဒီအချိန်မှာ NLD အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံရေးပါတီများအခန်း ပြဋ္ဌာန်းချက်တွေနဲ့အညီ တရားဝင်ပါတီအဖြစ်ရှိနေသေးရင် အခြားပါတီတွေနည်းတူ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမှာပါပဲ။**

စိုးမြကျော် ။ ရှင်းပါပြီ ဘကြီးနဲ့ ကြီးကြီးတို့ခင်ဗျား။ **အခုမှပဲ တွေ့ဆုံဆွေးနွေးရေး...တွေ့ဆုံဆွေးနွေးရေးလို့ ဆိုပြီး နိုင်ငံတော်နဲ့ပြည်သူတွေရဲ့ နောက်ကျောကို ဓားနဲ့ထိုးဖို့ အကြိမ်ကြိမ် စီမံလုပ်ကြံနေတဲ့ ပြည်တွင်းပြည်ပ အဖျက်သမားတွေရဲ့ အန္တရာယ်စက်ကွင်းက လွတ်ကင်းအောင် လမ်းပြ လက်တွဲခေါ်ဆောင်နေတဲ့ နိုင်ငံတော်နဲ့အတူတကွ ပါဝင်ပူးပေါင်း ချီတက်နေကြတဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်ကြီးများရဲ့ အမြော်အမြင် ကြီးမားမှုကို အထူးပဲ ကျေးဇူးတင်ရှိရပါတယ်။**

ဘကြီးစိုး ။ ဒါပေါ့ကွယ်။ **တွေ့ဆုံဆွေးနွေးရေးနဲ့ အလုံးစုံပျက်သုဉ်းရေး၊ တွေ့ဆုံဆွေးနွေးရေးနဲ့ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ အရေးယူဒဏ်ခတ်ရေး** ဆိုတဲ့ ဗိုလ်ကျစိုးမိုးရေး ရာဇသံအောက်က ဒို့တစ်တွေရုန်းထွက်ကျော်လွှားပြီး **မှန်ကန်သော တွေ့ဆုံဆွေးနွေးရေးဖြစ်တဲ့ အမျိုးသားညီလာခံဖြင့် အမျိုးသား ပြန်လည်သင့်မြတ်ရေး**ကို ဖော်ဆောင်နိုင်တဲ့အတွက် နိုင်ငံနဲ့ ပြည်သူတွေအတွက် အကျိုးကျေးဇူးရလဒ်ကောင်းတွေ ထပ်မံဖြစ်ထွန်းရရှိလာဦးမှာ မလွဲကေန်ပါပဲ။ ။

ဓမ္မဝိဟာရလမ်း ဓမ္မပူဇာသဘင်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

ရန်ကုန်မြို့ တာမွေမြို့နယ် ပုသိမ်ညွန့်(စံပြ)ရပ်ကွက် ဓမ္မဝိဟာရလမ်း၌ ပထမအကြိမ် ဓမ္မပူဇာသဘင်ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၁၀ ရက်တွင် အရှင်ဇေယျပဏ္ဍိတ (ပိုင်းလော့) မိုးညှင်းသီဂီ၊ ၁၁ရက်တွင် အရှင် စန္ဒသိရီ (အောင်စကြာ-မိုးကုတ်)၊ ၁၂ ရက်တွင် အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)၊ ၁၃ ရက်တွင်အရှင်ဇဝန(မုံလယ်တောရ)၊ ၁၄ ရက်တွင် အရှင်သုန္ဒရ (တိပိဋကဓရ တိပိဋက ကောဝိဒ)(စွန်းလွန်)တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ညစဉ် ၇ နာရီတွင် ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပန်းတစ်ပွင့်တောင်တွင် စေတီများလှူဒါန်းနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၇

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင် တောရ သာသနာ့နယ်မြေ စကြာရှင် ဓမ္မာ့အေးဆယ့်တစ်မီးငြိမ်းစေတီတော် ရင်ပြင်တော်တွင် ပန်းတစ်ပွင့်တောင် ဆရာတော် သဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တပညာသာရ အရှင်သူမြတ်က ကြီးမှူး၍ ကိုးတောင်ပြည့်စေတီတော် ၂၇ ဆူကို တပေါင်းလပြည့်နေ့ မတိုင်မီ အပြီးတည်ဆောက်မည်ဖြစ်ရာ ရွှေထီးအပါအဝင် စေတီတော်တစ်ဆူ ကျပ်ကိုးသိန်းဖြင့် အရံစေတီ ၂၁ ဆူ၊ နဂါးဘုရားခြောက်ဆူလှူဒါန်းလိုသူများသည် ပန်းတစ်ပွင့်တောင်ဆရာတော် ဖုန်း-၀၅၅-၂၀၂၅၉၊ ၂၀၅၃၃၊ ဦးကျော်ဝင်း ဖုန်း-၀၁-၆၄၂၆၂၅၊ ဦးရွှေသန်း ဖုန်း-၀၁-၆၉၉၈၃၃၊ ဒေါ်တင်တင်ဝင်း ဖုန်း-၀၁-၆၄၃၅၈၁၊ ဒေါ်ကျင်သောင်း ဖုန်း-၀၁-၂၄၅၄၈၈၊ ဒေါ်ထက်ထက်အေး ဖုန်း-၀၁-၅၇၉၁၀၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

စမ်းချောင်းလမ်း ၁၀ရက် တရားစခန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါ ၇

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာ အကျင့်မြတ် အလုပ်တရားတော်ကြီးကို ကမ္မဋ္ဌာန်းနည်းပြဆရာ ဦးကျော်နိုင်ထွန်းက ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၄ ရက်အထိ (၇၅)ကြိမ်မြောက် စိန်ရတုဓမ္မသဘင်အဖြစ် စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ် ၂၉ ဒုတိယလွှာတွင် မွန်းတည့် ၁၂နာရီမှ ညနေ ၅နာရီအထိ နေ့စဉ်ဓမ္မဒါနပြုမည်ဖြစ်ရာ မည်သူမဆိုလာရောက် အားထုတ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ပေကျင်းအိုလံပစ် အမျိုးသားဘောလုံးပြိုင်ပွဲ အာရှဇုန်ခြေစစ်ပွဲ ပထမအဆင့်(ပထမအကျော့) မြန်မာနှင့်အိန္ဒိယအသင်း တစ်ဂိုးစီသရေကျ

ရန်ကုန် ဖေဖော်ဝါရီ ၇

၂၀၀၈ ခုနှစ် ပေကျင်းအိုလံပစ် အမျိုးသားဘောလုံးပြိုင်ပွဲ အာရှဇုန်ခြေစစ်ပွဲ ပထမအဆင့် (ပထမအကျော့) ပွဲစဉ်အဖြစ် ယနေ့ညနေ ၄ နာရီက လှုင်ယံအားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ မြန်မာအိုလံပစ်(ယူ-၂၃)အသင်းနှင့် အိန္ဒိယအိုလံပစ်(ယူ-၂၃)အသင်းတို့ ယှဉ်ပြိုင်ကစားရာ တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်သွားသည်။

မချင့်မရဲဖြစ်

မြန်မာအိုလံပစ်အသင်းသည် အာဆီယံချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်အသင်းမှ အားကစားသမား အများစုဖြင့် ဖွဲ့စည်းထားသော်လည်း ထင်သလောက် ခြေစွမ်းမပြနိုင်၍ ပရိသတ်များ မချင့်မရဲဖြစ်ခဲ့ရသည်။ မြန်မာအိုလံပစ်အသင်းသည် သေချာပေါက် ဂိုးသွင်းခွင့်များရရှိသော်လည်း ဂိုးသွင်းမသေချာ၍ သရေ(တစ်မှတ်)ဖြင့် ကျေနပ်လိုက်ရခြင်းဖြစ်သည်။ အိန္ဒိယအိုလံပစ်အသင်းသည် ဘောလုံးအခြေခံကောင်းမွန်သော်လည်း ဒုတိယပိုင်း၌ ကြံ့ခိုင်မှုနှင့် သက်လုံကျဆင်းသွား၍ ချေပဂိုးပေးလိုက်ရပြီးနောက် ခံစစ်အသွင်ဖြင့်သာ ကစားသွားသည်။

ဦးဆောင်ဂိုး

မြန်မာအိုလံပစ်အသင်းက သေချာပေါက်အခွင့်အရေးများကို ဂိုးအဖြစ် မပြောင်းလဲနိုင်သဖြင့် အိန္ဒိယအိုလံပစ်အသင်းက ဦးဆောင်ဂိုး ရရှိသွားသည်။ ပွဲချိန် ၃၆ မိနစ်တွင် မြန်မာအိုလံပစ်အသင်း၏ ပယ်နယ်တီ ဧရိယာအစပ်၌ အိန္ဒိယအိုလံပစ်အသင်း အလွတ်တည်ကန်ဘောရရှိရာ ကျောနံပါတ်(၇) Syed Rahim Nabi က တိုက်ရိုက်ကန်သွင်းယူ၍ ဦးဆောင်ဂိုးရရှိသွားခြင်းဖြစ်သည်။

ချေပဂိုး

မြန်မာအိုလံပစ်အသင်းအတွက် ချေပဂိုးကို ပွဲချိန် ၈၂ မိနစ်တွင် အိန္ဒိယအသင်း၏ ပယ်နယ်တီဧရိယာအတွင်းမှ ကျော်သီဟက ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။

သတင်းမြင်ကွင်း-ကိုထွေး

မြန်မာ့အလင်း ပြည်တွင်းသတင်းအတိုအထွာ

နယ်လှည့်သာသနာပြုဆရာတော် ပူဇော်ပွဲ

စစ်ကိုင်းတိုင်း ခင်ဦးမြို့နယ် ဆီဆုံလေးကျေးရွာ သီရိမင်္ဂလာ ရန်အောင်ကျောင်းတိုက် ပဓာန နာယက နယ်လှည့်သာသနာပြုဆရာတော် ဘဒ္ဒန္တ စန္ဒိမာအား ဓမ္မကထိက ဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ဂုဏပူဇော်ပွဲ၊ သက်တော်(၇၅)နှစ်ပြည့် စိန်ရတု ဝိဇာတမင်္ဂလာနှင့် ဆရာတော် ဟောကြားခဲ့သော တရားပွဲပေါင်း (၁၀၀၀၀)ပြည့်အထိမ်းအမှတ် ပူဇော်ပွဲတို့ကို ဇန်နဝါရီ ၁၄ ရက်က အဆိုပါကျောင်းတိုက်၌ ကျင်းပခဲ့သည်။

စက်မှု(၁) ဈေးရောင်းပွဲတော်ကျင်းပမည်

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၁၁ ရက်မှ ၂၀ ရက်အထိ ရန်ကုန်တိုင်း အလုံမြို့နယ် သီရိမင်္ဂလာအားကစားကွင်း၌ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ကျင်းပမည်ဖြစ်သည်။

ဆားလင်းကြီး အထက အာစရိယပူဇော်

မုံရွာခရိုင် ဆားလင်းကြီး အထကတွင် ၁၉၆၈ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၇ ရက်က အဆိုပါကျောင်း ပန်းမြတ်သဇင်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုနေ့ ဂုဏ်ပြုဇာတ်လမ်းထုတ်လွှင့်မည်

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မှူးရွှေရည် ရေးသားသည့် **"နီးနီးလေး"** ဇာတ်လမ်းကို ဦးသန်းလှိုင်သစ် ဘာသာပြန်ဆိုပြီး Just Near အင်္ဂလိပ်ဘာသာဇာတ်လမ်းအဖြစ် မြန်မာ့အသံ အင်္ဂလိပ်ပိုင်းအစီအစဉ်မှ ဖေဖော်ဝါရီ ၁၂ ရက် (တနင်္လာနေ့) ည ၉ နာရီတွင် ထုတ်လွှင့်မည်ဖြစ်သည်။ ယင်းဇာတ်လမ်းတွင် ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ဆွေဇင်ထိုက်၊ အကယ်ဒမီ လူမင်းနှင့် အဆိုတော် နွဲ့ယဉ်ဝင်းတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

တီဘီရောဂါတိုက်ဖျက်ရေး ရှင်းလင်းဆွေးနွေး

ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ်တွင် ကျန်းမာရေးဦးစီးဌာန၏ "တီဘီရောဂါတိုက်ဖျက်ရေးစီမံချက်" အသိပညာပေးဆွေးနွေးပွဲကို ဇန်နဝါရီ ၁၄ ရက် နံနက် ၁၀ နာရီက မြို့နယ်ပြည်သူ့ဆေးရုံ၌ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမောင်ကျော်က တီဘီရောဂါတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

မြင်းစီးအားကစားအဖွဲ့ချုပ် ရန်ပုံငွေဖျော်ဖြေပွဲ

မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် ရန်ပုံငွေအတွက် Super Film Stars စင်တင်ဖျော်ဖြေပွဲကို ဖေဖော်ဝါရီ ၁၀ ရက် (စနေနေ့) ညနေ ၆ နာရီခွဲတွင် မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပမည်။

အဆိုပြုလွှာပေးအပ်

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)မှ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ၏ အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲကို ဖေဖော်ဝါရီ ၅ ရက်က အဆိုပါ တက္ကသိုလ်ခန်းမ၌ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါထံ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဦးတင်စိုးက အသင်းဝင်အဆိုပြုလွှာ ၇၂၂ စောင်ကို ပေးအပ်ခဲ့သည်။ ။

(မြန်မာ့အလင်း)

မြန်မာအိုလံပစ်အသင်း(ယူ-၂၃)နှင့် အိန္ဒိယအိုလံပစ်အသင်း(ယူ-၂၃)တို့ ဤသို့အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြသည်။
ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၏ (၁၀၁)နှစ်မြောက်မွေးနေ့ အထိမ်းအမှတ်ပျော်ပွဲရွှင်ပွဲ အပန်းဖြေသူများဖြင့် စည်ကားများပြား

သတင်းမှတ်စုနှင့် ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၇

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၏ (၁၀၁)နှစ်မြောက်မွေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲအစီအစဉ်များကို ဖေဖော်ဝါရီ ၇ ရက်က ဆက်လက်ကျင်းပရာ ရပ်နီးရပ်ဝေးမှ ပြည်သူများ ကျောင်းသား ကျောင်းသူများဖြင့် အထူးစည်ကားသိုက်မြိုက်စွာ တွေ့ရသည်။

အတူတကွ

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၏ (၁၀၁)နှစ်မြောက် မွေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲကို လာရောက်ကြသော ပြည်သူများကို ကြိုဆိုရေးမုခ်ဦးဝတွင် အိုဇာတင်းများကို အခမဲ့တိုက်ကြသည်။ ပဟေဠိနန်းတော်အဖွဲ့ (မိုးဆမ်းပန်းနှင့် အိပ်မက်လှေ)တို့က စီစဉ်တင်ဆက်သော ပျော်ရွှင်ဖွယ်ရာကစားနည်းမျိုးစုံတို့ဖြင့် ပရိသတ်များ အတူတကွ ကစားနေကြသည်။

မြန်မာနိုင်ငံတွင် နာမည်ကျော်ကြား လူကြိုက်များသော ကာတွန်းဇာတ်ကောင်များကလည်း ရှေ့ပွဲလာပရိသတ်ကို တိရစ္ဆာန်ဥယျာဉ်အတွင်း လှည့်လည်အလုပ်ပြခြင်း၊ သရုပ်ဖော်ပြကွက်များဖြင့် ဖျော်ဖြေကြပြီး ပရိသတ်များက ကာတွန်းသရုပ်ဆောင်များနှင့်တွဲပြီး အလှဓာတ်ပုံရိုက်ကြသည်။

သီဆိုဖျော်ဖြေ

ထို့အပြင် စတိတ်ရှိုးတေးဂီတဖျော်ဖြေပွဲတွင်လည်း နာမည်ကြီးအဆိုတော်များက နေ့စဉ် မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီခွဲအထိ သီဆိုဖျော်ဖြေကြသည်။

ဖက်ရှင်ရှိုးပြပွဲစင်မြင့်တွင်လည်း တောတွင်းဆန်သည့် အဝတ်အစားများဝတ်ဆင်ပြီး ဖက်ရှင်ပြသခြင်းကို ပရိသတ်များ စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။

အံ့သြငေးမော

ထို့ပြင် မြွေနှင့်လူအက ကဟန်၊ ကပုံကလည်း အချိုးကျလှပသည်။ မိမိနှင့် ဆင်ထီးလေးများဖြစ်သည့် ဝင်းကျော်ထွန်းနှင့် ဝင်းသန်းထွန်းတို့၏ ယဉ်ကျေးလိမ္မာသိမ်မွေ့မှုကလည်း ရှေ့ပွဲလာများအား အံ့သြငေးမောဖွယ်ကောင်းအောင် သရုပ်ပြကြသည်။

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၏ (၁၀၁)နှစ်မြောက် မွေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲသို့ ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ ပျော်ပျော်ပါးပါး လာရောက်ဆင်နွှဲကြရန် သတင်းစကားပါးလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ရခိုင်အသင်း(ရန်ကုန်) ပညာရည်ချွန်ဆုနှင့် ထူးချွန်ဆုပေးပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

ရခိုင်သဟာယအသင်း(ရန်ကုန်)နှင့် ရခိုင်အမျိုးသမီးအသင်း(ရန်ကုန်)တို့က ကြီးမှူးကျင်းပမည့် ၂၀၀၅-၂၀၀၆ တက္ကသိုလ်ဝင်တန်းပညာရည်ချွန်ဆုနှင့် ဘက်စုံထူးချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၄ ရက် (စနေနေ့)မွန်းလွဲ ၁ နာရီတွင် ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပမည် ဖြစ်သည်။

ဆက်သွယ်နိုင်

အဆိုပါဂုဏ်ပြုပွဲတွင် ရခိုင်ပြည်နယ်မှ ငါးဘာသာ၊ ခြောက်ဘာသာ ဂုဏ်ထူးရှင်များ၊ ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲ ဗဟိုအဆင့်၌ ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိသူများ၊ နိုင်ငံတကာအဆင့် (ပန်းချီ၊ အားကစား) ဆုရရှိသူများနှင့် အသင်းဝင် သားသမီးများမှ နှစ်ဘာသာနှင့် အထက်ဂုဏ်ထူးရှင်များအား ဂုဏ်ပြုဆုချီးမြှင့်မည်ဖြစ်ရာ ဆုယူမည့်သူများနှင့် ပုဂ္ဂိုလ်တစ်ဦးချင်းမှ ဆုချီးမြှင့်လိုသူများသည် ဖေဖော်ဝါရီ ၁၄ ရက်မတိုင်မီ နောက်ဆုံးထား၍ ဦးကျော်ဇံလှ ဖုန်း-၅၅၆၂၂၁၊ ဦးရွှေသိန်းကျော် ဖုန်း-၂၄၆၁၈၉ နှင့် ဒေါ်မြဝင်း ဖုန်း-၅၇၃၁၄၃ တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဆင်ထီးလေးများဖြစ်သည့် ဝင်းကျော်ထွန်းနှင့် ဝင်းသန်းထွန်း တို့ကလည်း ဧည့်ပရိသတ်များအား ဤသို့ဖျော်ဖြေသည်။
ဓာတ်ပုံ-တင်စိုး
(မြန်မာ့အလင်း)

ကမ္ဘာတစ်လွှား အားကစား

ခြောက်မှတ်သာ ဆိုသော်လည်း...

လန်ဒန် ဖေဖော်ဝါရီ ၇

ဖာဂူဆန်၏ မန်ယူအသင်းသည် ဖေဖော်ဝါရီ ၄ရက် ညပိုင်းက ပွဲစဉ် (၂၆)အပြီး နောက်မှလိုက်လာသူ မော်ရင်ဟို၏ ချယ်လ်ဆီးအသင်းကို ခြောက်မှတ်ပြတ်ကာ အမှတ်ပေးဇယားတွင် ဦးဆောင်လျက် ရှေ့ဆုံးမှနေ၍ ပရီမီယာလိဂ်ဖလား ပန်းတိုင်ဆီသို့ ဆက်လက် လှော်ခတ်နေဆဲဖြစ်သည်။

ကိုးကားတင်ပြသူ-မြင့်မောင်စိုး

အဆိုပါနှစ်သင်း၏ ပရီမီယာလိဂ် အားပြိုင်ရာ လမ်းကြောင်းကို ပြန်ပြောင်း ကြည့်လိုက်လျှင် ချန်ပီယံ ချယ်လ်ဆီးအသင်းသည် ၂၀၀၆ခုနှစ်ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း ပွဲစဉ်(၇)အပြီး ရမှတ် ၁၆မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည်။ ထိုကာလတွင်း ချယ်လ်ဆီးအသင်းသည် မစ်ဒယ်ဘရော့ကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးပြီး အက်စတွန်ဗီလာအသင်းနှင့် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။ တစ်နည်းအားဖြင့် ငါးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့် ရမှတ် ၁၆မှတ် ရထားသည်။

စုဆောင်း

တစ်ဖန် မန်ယူအသင်း၏ ၂၀၀၆ ခုနှစ်ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း ပွဲစဉ်(၇)အပြီး ရမှတ် ၁၃ မှတ်ဖြင့် ချယ်လ်ဆီးနောက်မှ လိုက်နေရသည်။ ထိုကာလအတွင်း မန်ယူတို့ ရက်ဒင်းနှင့် ကစားသည့်ပွဲတွင် သရေကစားပြီး အာဆင်နယ်ကို တစ်ဂိုးရှုံးနိမ့်ခဲ့ရပြီး ရမှတ် ၁၃မှတ်သာ စုဆောင်းနိုင်ခဲ့သည်။

အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်း ချယ်လ်ဆီးနှင့် မန်ယူတို့၏ အားပြိုင်မှုကို ဆက်လက်လေ့လာကြည့်လျှင် ဖာဂူဆန်ဦးဆောင်သော မန်ယူလှေကြီးက မော်ရင်ဟိုဦးဆောင်သော ချယ်လ်ဆီး လှေကြီးကို ကျော်ဖြတ်လှော်ခတ်ခဲ့သည့် ကာလပင် ဖြစ်သည်။ နိုဝင်ဘာလ ကုန်ဆုံးချိန်တွင် ပွဲစဉ်(၁၅)ပြိုင်ပွဲ၏ နိဂုံးဖြစ်သည်။ ထိုအချိန်တွင် မန်ချက်စတာယူနိုက်တက်အသင်းသည် ရမှတ် ၃၈မှတ် စုဆောင်းထားမိပြီ ဖြစ်သည်။ ထိုအချိန်အထိ မန်ယူတို့ ၁၅ပွဲကစား၊ ၁၂ပွဲနိုင်၊ နှစ်ပွဲသရေကျ၍ တစ်ပွဲရှုံးဖြင့် ရမှတ်၃၈မှတ်ရရှိခဲ့ခြင်း ဖြစ်သည်။

ဦးဆောင်

တစ်ဖန် ချယ်လ်ဆီးအသင်းသည် နိုဝင်ဘာလ ကုန်ဆုံးချိန် ပွဲစဉ်(၁၅)အပြီး ၁၁ပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးဖြင့် ရမှတ် ၃၅မှတ် ရရှိထားသည်။ ထို့ကြောင့် မန်ယူတို့ ချယ်လ်ဆီးအသင်းကို သုံးမှတ်အသာဖြင့် ထိုပွဲစဉ် (၁၅)အပြီး ဦးဆောင်နိုင်ခဲ့သည်။

ချယ်လ်ဆီးအသင်း ဂိုးသွင်းစက် ဒရော့ဘာနှင့် ကွင်းလယ် ဖန်တီးရှင် လမ်းပတ် တို့၏ အောင်ပွဲ ခံခဲ့မှုကို လည်း ဤသို့ တွေ့ရပြန်သည်။

(ဓာတ်ပုံ-အင်တာနက်)

၂၀၀၆ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၀၇ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလ ပွဲစဉ်(၂၆)ပြီးဆုံးချိန်တွင် မန်ယူတို့ ပွဲ၂၀နိုင်၊ သုံးပွဲသရေ၊ သုံးပွဲရှုံးဖြင့် ရမှတ် ၆၃မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ခဲ့သည်။

ထိုကာလအတွင်း မန်ယူတို့ ဝက်စ်ဟမ်းကိုလည်းကောင်း၊ အာဆင်နယ်အသင်းကိုလည်းကောင်း ရှုံးနိမ့်ခဲ့ရသည်။ သရေပွဲအဖြစ် နယူးကာဆယ်နှင့် တစ်ကြိမ်ကြုံခဲ့သည်။ ယင်းကာလအတွင်း ချန်ပီယံ ချယ်လ်ဆီးအသင်းသည် ၁၇ပွဲနိုင်၊ ခြောက်ပွဲသရေ၊ သုံးပွဲရှုံးဖြင့် ရမှတ် ၅၇မှတ်ဖြင့် မန်ယူနောက်မှ လိုက်နေရသည်။ မန်ယူနှင့် ချယ်လ်ဆီး ပွဲစဉ် (၂၆)အပြီး ရမှတ်ကို ခြားနားချက်ရှာလိုက်လျှင် ခြောက်ဂဏန်း အဖြေထွက်နေသည်။ တစ်နည်းအားဖြင့် မန်ယူခြောက်မှတ်ပြတ်ဖြင့် ချယ်လ်ဆီးကို ဦးဆောင်နေခြင်း ဖြစ်သည်။

ရုန်းကန်

ချန်ပီယံ ချယ်လ်ဆီးအနေဖြင့် ယင်းခြောက်မှတ်ကို အမီပြန်လိုက်ပြီး မန်ယူနှင့်ရမှတ်တူညီမျှခြင်း အဖြေထုတ်ရန် လွယ်ကူသည့် ကိစ္စတော့မဟုတ်ပေ။ ထိုသို့ အမီလိုက်ရန်ဆိုသည်မှာ မန်ယူက နှစ်ပွဲဆက်တိုက်ရှုံးပြီး ချယ်လ်ဆီးက နှစ်ပွဲဆက်တိုက် နိုင်လိုက်ရင်တော့ အလွယ်လေးလို့ ထင်ရမှာဖြစ်သည်။ သို့သော်လည်း ဆက်တိုက် အရှုံးပေးရအောင်လည်း မန်ယူဆိုတာ သာမန်ခြေစွမ်းမျိုး မဟုတ်တော့၊ ပရီမီယာလိဂ် ပွဲတစ်လျှောက်လုံး ၁၅ဂိုးသွင်းယူထားသည့် စီရိုနယ်ဒိုကလည်း ၎င်း၏ ဂိုးသွင်းစံချိန်သစ်တင်နိုင်ဖို့ ခြေတကြွကြွ ရှန်နေ၊ ဂစ်၊ ပေါလ်စခိုးလ်တို့ကလည်း ဂိုးသွင်းပေါက်ရှာဖွေရန် အလွန်စိတ်အားထက်သန်နေသည်။ ထိုသို့ မန်ယူတို့ စိတ်ဓာတ်ရော ခြေစွမ်းပါ ကောင်းနေမှုဖြင့် ချန်ပီယံ ချယ်လ်ဆီးတို့ ဖလားဆက်ထိန်းဖို့ဆိုတာ အလွန်ဝေးရမှတ် ခြောက်မှတ်ကိုပင် အမီလိုက်ရန် ရုန်းကန် ရဦးမည်ဖြစ်သည်။

ထိုအတောအတွင်း ချယ်လ်ဆီးအသင်းတွင် အတွင်းရေး မပြေလည်မှုများကလည်း မန်ယူကို အမီလိုက်ရေးကိစ္စမှာ အတားအဆီးသဖွယ် ဖြစ်နေလိမ့်မည်ဟု ထင်မိသည်။

သို့သော်လည်း လွန်ခဲ့သော ပွဲစဉ်(၂၅)နှင့် (၂၆)တို့တွင် မန်ယူနှင့် ချယ်လ်ဆီးတို့၏ ရမှတ်အားပြိုင်မှုမှာ သိသာလာသည်။ ချယ်လ်ဆီးအသင်းသည် ကွာဟနေသော ခြောက်မှတ်ကို ချေပနိုင်ရန် ပြိုင်ဘက်အသင်းများအား အနိုင်ကစားလာသကဲ့သို့ မန်ယူကလည်း ရရှိထားသည့် ရမှတ် ခြောက်မှတ်ကွာဟချက် လျော့ကျမသွားစေရန် ပြိုင်ဘက်အသင်းများကို ပြတ်ပြတ်သားသား အနိုင်ယူ ကစားလာသည်ကို တွေ့ရသည်။

ပြသ

မန်ယူကစားသမားများသည် ပွဲစဉ်(၂၆)အဖြစ် ယှဉ်ပြိုင်ခဲ့သည့် စပါးအိမ်ကွင်းမှာပင် လေးဂိုးပြတ်သွင်းယူပြသနိုင်ခဲ့သည်။ စပါးအသင်းသည် ပုံမှန်ခြေရှိပြီး တန်ပြန်တိုက်စစ်အားလည်း ကောင်းလှသည့် အသင်းကောင်းဖြစ်သည်။ သို့သော်လည်း မန်ယူတို့ စိတ်ဓာတ်ရေးရာနှင့် ခြေစွမ်း မြင့်တင်ကစားနိုင်မှုကြောင့် ပွဲအပြီး တောင့်တင်းခိုင်မာသော စပါးတို့ မန်ယူခြေရင်းသို့ ဝပ်ဆင်းခဲ့ရသည်။

မန်ယူနှင့် နောက်ထပ်တွေ့မည့်သုံးသင်းမှာ ချာလ်တန်၊ ရက်ဒင်းနှင့်ဖူလ်ဟမ်တို့ ဖြစ်သည်။ မန်ယူတို့ တောက်လျှောက် သုံးပွဲစလုံး အနိုင်ရမည်ဟု မျှော်လင့်ရသည်။ ထိုအချိန်တွင် ချယ်လ်ဆီးက မစ်ဒယ်ဘရော့၊ ပို့စ်မောက်တို့နှင့် တွေ့မည်ဖြစ်သည်။

ထို့ကြောင့် မန်ယူနှင့် ချယ်လ်ဆီးအကြား ခြားနားထားသော ခြောက်မှတ်ဂဏန်းသည် ဆက်တိုက် ကွာဟနေလိမ့်မည်ဟု မျှော်လင့်ရသည်။ ခြောက်မှတ်သာဆိုသော်လည်း ချယ်လ်ဆီးတို့အနေဖြင့် လိုက်လေလေ ဝေးလေလေ ဖြစ်နေဦးမည်သာ ဖြစ်သည်။ **(ကိုးကား-အင်တာနက်သတင်းများ)**

မန်ယူထိပ်တန်း ဂိုးသွင်းဘုရင် စီရိုနယ်ဒိုနှင့် ဝါရင့်ကစားသမား ပေါလ်စခိုးလ်နှင့် ရှိုင်ယန်ဂစ်တို့၏ အားပေးမှုမှာ ဤသို့ ရှိ၏။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာ ချစ်ကြည်ရေးပွဲများ ယှဉ်ပြိုင် ပေါ်တူဂီက ဘရာဇီးအသင်းကိုနိုင်

လန်ဒန် ဖေဖော်ဝါရီ ၇

နိုင်ငံတကာ ချစ်ကြည်ရေးဘောလုံး ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၆ရက် ညပိုင်းက စတင်ယှဉ်ပြိုင်ကစားခဲ့ရာ ဘရာဇီး အသင်းနှင့် ပေါ်တူဂီအသင်းတို့သည် အာဆင်နယ် အီးမရိတ်ကွင်း၌ ယှဉ်ပြိုင်စဉ် ပေါ်တူဂီအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

စကိုလာရီ၏ ပေါ်တူဂီအသင်း အတွက် အနိုင်ဂိုးများကို ဒွန်ဂါနှင့် လူစားဝင်ကစားသူ ဆာဘရိုဆာတို့ကသွင်းယူခဲ့ခြင်းဖြစ်သည်။ ပေါ်တူဂီနည်းပြ စကိုလာရီသည် ပေါ်တူဂီအသင်းအား ကိုင်တွယ်စဉ်တစ်လျှောက် ဘရာဇီးအသင်းအား ဒုတိယအကြိမ်မြောက် အနိုင်ရခဲ့ခြင်း ဖြစ်သည်။

ဂါနာ-နိုင်ဂျီးရီးယား

ဂါနာအသင်းသည် အနောက် အာဖရိကဘောလုံး ပြိုင်ဘက် နိုင်ဂျီးရီးယားအသင်းအား လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်သည်။ ယင်းမှာ ၁၅နှစ် အတွင်း ဂါနာအသင်းက ပထမဆုံး အကြိမ်အနိုင်ရခဲ့ခြင်း ဖြစ်သည်။

ဒိန်းမတ်-ဩစတြေးလျ

ဒိန်းမတ်အသင်းသည် ဩစတြေးလျ အသင်းအား သုံးဂိုး-တစ်ဂိုးဖြင့်အနိုင်ရခဲ့သည်။

အနိုင်ဂိုးသွင်း

ပေါ်တူဂီ အသင်းအတွက် ဆာဘရိုဆာ အနိုင်ဂိုးသွင်းပြီး ဤသို့ အောင်ပွဲခံခဲ့သည်။

(ဓာတ်ပုံ-အင်တာနက်)

ဒိန်းမတ်အသင်း ခေါင်းဆောင်တိုမက်ဆင်က အသင်းအတွက် နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ဂရိ-တောင်ကိုရီးယား

တောင်ကိုရီးယားအသင်းသည် ဖူမ်ဟမ်ကွင်း၌ ဂရိအသင်းကို လီချွန်ဆူး၏ တစ်လုံးတည်းသော အနိုင်ဂိုးဖြင့် အနိုင်ရလိုက်သည်။

တောင်ကိုးရီးယား တိုက်စစ်မှူးလီသည် ယင်းဂိုးမသွင်းမီ ၂၅ကိုက် အကွာမှ ကန်သွင်းရာ ဘားတန်းကျော် သွား၍ တစ်ဂိုးနစ်နာခဲ့ရသည်။ **(အင်တာနက်)**

ဂျပန် အမျိုးသားမာရသွန် ပြိုင်ပွဲ ကင်ညာအပြေးသမား မိုဂူဆူ ဗိုလ်စွဲ

စုစည်းတင်ပြသူ-မောင်မောင်မြင့်ဆွေ

တိုကျို ဖေဖော်ဝါရီ ၇

ဂျပန်နိုင်ငံ ရှီကိုကူကျွန်းရှိ မာဂူဂါမီမြို့တွင် ဖေဖော်ဝါရီ ၅ရက်က ကျင်းပသည့် အမျိုးသား မာရသွန် တစ်ဝက်အပြေးပြိုင်ပွဲတွင် ကင်ညာနိုင်ငံမှ မာရသွန်အပြေးသမား မိကူဘိုမိုဂူဆူ**(ယာပုံ)** က ပထမရရှိခဲ့သည်။

ပထမရရှိ

ကင်ညာအပြေးသမား မိကူဘိုမိုဂူဆူသည် (၆၁)နှစ်မြောက် မာဂူဂါမီမြို့ နှစ်ပတ်လည် မာရသွန် တစ်ဝက်အပြေးပြိုင်ပွဲ၌ ၅၉မိနစ် ၄၈စက္ကန့်ဖြင့် ပထမ ရရှိခဲ့ခြင်း ဖြစ်သည်။

မိကူဘိုမိုဂူဆူသည် ၂၀၀၆ခုနှစ်က ကျင်းပသည့် နှစ်(၆၀)မြောက် မာဂူဂါမီမြို့ နှစ်ပတ်လည် နိုင်ငံတကာ ဖိတ်ခေါ် အမျိုးသား မာရသွန်ပြိုင်ပွဲတွင်လည်း ပထမဗိုလ်စွဲခဲ့သူဖြစ်သည်။

မိကူဘိုမိုဂူဆူ အနေဖြင့် ကီလိုမီတာ၂၀ကို နောက်ဆုံးပန်းဝင် ချိန်တွင် ၅၉မိနစ် ၄၈စက္ကန့်ဖြင့် ဗိုလ်စွဲခဲ့ခြင်း ဖြစ်သည်။ **(အင်တာနက်)**

ကိုးဘွဲ့ရ ဆရာတော် ဖေဖော်ဝါရီလ ဓမ္မသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၇

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်ကြီးမှ နိုင်ငံတော် ဘွဲ့တံဆိပ်တော်ကိုးဘွဲ့ရ ဓမ္မကထိက ဆရာတော် အရှင်အာစာရလင်္ကာရ အရှင်မြတ်သည် ဖေဖော်ဝါရီ ၁၁ရက် ညနေ ၆နာရီတွင် စမ်းချောင်းမြို့နယ် ဗိုလ်မိုးလမ်း မြေနီကုန်း ဓမ္မာရုံတော်ကြီး ဆည်းဆာပွဲ၊ ည ၈နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ရွှေကျင်ကျောင်းတိုက် သပြေကန်ဆရာတော် အမှတ်တရပွဲ၊ ၁၂ ရက်တွင် မင်္ဂလာတောင်ညွန့်ကန်တော်ကလေး မန္တလေးလမ်းအထူးပွဲ၊ ၁၃ရက်တွင် မင်္ဂလာဒုံမြို့ ၃/ခ ရပ်ကွက် ပဲခူးမင်္ဂလာသိပ္ပံကျောင်းအထူးပွဲ၊ ၁၄ ရက်တွင် ဗဟန်းမြို့နယ် ကြားတောရလမ်း ရွှေတိဂုံဘုရား အရှေ့မုခ်အနီး မင်္ဂလာဈေးဓမ္မာရုံပွဲ၊ ၁၅ ရက်တွင် ဆိပ်ကြီးခနောင်တိုမြို့ အထူးပွဲ၊ ၁၆ ရက် ညနေ၄နာရီနှင့်ည ၈နာရီတို့တွင် ပုသိမ်မြို့ ရဟန်းဒါယကာ ဦးမြင့်သိန်း–ရဟန်း ဒါယိကာမဒေါ်ခင်စန်းနွယ် မိသားစု၏ ညနေ ကလေးတရားပွဲနှင့် ညလူကြီးပွဲ၊ ၁၇ရက် ည ၈ နာရီနှင့် ၁၈ ရက် ညနေ ၆ နာရီတို့တွင် သာကေတ သုမန(၅) ရပ်ကွက် မလွန်ဆန်လှူပွဲနှင့် ည ၈ နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး/မြောက် ဓမ္မာရုံ အထူးပွဲ၊ ၁၉ရက် ည ၈နာရီနှင့် ၂၀ ရက် ညနေ ၆နာရီတွင် သာကေတ မြို့နယ်(၄)တောင်ရပ်ကွက် သာသနဝေပုလ္လဓမ္မာရုံအထူးပွဲနှင့် ည ၈နာရီတွင် ပုဇွန်တောင် မြို့နယ် (၈) ရပ်ကွက် ဒေါနလမ်း အထူးပွဲတို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဖြစ်ပြီး တရားပွဲရက် ရရှိပြီးသူများသည် ကိုးဘွဲ့ရဆရာတော်ဖုန်း–၀၉–၂၁–၃၀၈၉၅နှင့် ၀၁–၇၀၈၄၀၃တို့သို့ ကြိုတင်ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

ရန်ကင်း ပြည်သာယာ (ကျိုက္ကဆံ ILBC တာမွေလေး သံလမ်းအနီး) ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်း အာယုဒါနအလှူတော်အတွက် တာမွေမြို့နယ် ၁၆၅ လမ်း သီတဂူဓမ္မသဘင် ဖြစ်မြောက်ရေးအဖွဲ့က ငွေကျပ်၁၀သိန်း လှူဒါန်းရာ ရွှေပြည်ဟိန်းဆရာတော် သီတဂူကြာတစ်ပွင့် အရှင်ခေမာသိရီလင်္ကာရက ဂုဏ်ပြုလွှာချီးမြှင့်စဉ်။ (က–ပ)

ဖခင်ကြီး ဦးဘသာအား ရည်စူး၍ ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်း သီတာလမ်း အမှတ် (၁၃)နေ ဒေါ်ကျင်နု နှင့်သား သိန်းတန် (မြန်မာပြည်)မောင်နှမ သားသမီး၊ မြေးတစ်စုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်ငါးသိန်းကို မင်းကွန်းအနုနာယက ဆရာတော် ဘဒ္ဒန္တ ဝိနယထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ(ရန်ကုန်ဌာန) ဒုတိယဉက္ကဋ္ဌဆရာကြီး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ဇန်နဝါရီ ၂၁ ရက်က တောင်ဉက္ကလာပမြို့နယ် ဉက္ကလာပ စေတီတော် ပထမအကြိမ် လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူပူဇော်နိုင်ရန် ဟင်္သာတမြို့မှ ကမ္ဘာ့ဟီ မင်္ဂလာဆင်တော်အဖွဲ့က အလှူငွေကျပ် ၂၂၃၀၀၀ ကို ရွှေသင်္ကန်း ကော်မတီသို့ ပေးအပ်လှူဒါန်းစဉ်။ (၁၉၂)

စတုဘုမ္မိကတရားစခန်း

ရန်ကုန် ဖေဖော်ဝါရီ ၇

ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် မော်ဘီကျေးရွာ စတုဘုမ္မိက မဟာသတိပဋ္ဌာန်ကျောင်းတိုက် ဆရာတော် ဦးစန္ဒောဘာသက ရွှေမင်းဝံဂုဏ်တွင်း ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ခုနစ်ရက် တရားစခန်းကို ဖေဖော်ဝါရီ ၁၃ ရက်ညနေတွင် စတင်ဖွင့်လှစ်မည်ဖြစ်ရာ ယောဂီများ ယင်းနေ့ ညနေ ၃နာရီ လာရောက်ကြရန်နှင့် ညစဉ် ၇နာရီမှစ၍ ကမ္မဋ္ဌာန စရိယ၊ ဓမ္မကထိက ဆရာတော်များက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ဂရင်းရွိုင်ရယ်စပါယ်ရှယ် ရီဆာဗ့်ဂေါက်သီးရိုက်ပြိုင်ပွဲ တောင်ကြီးမြို့ အေးသာယာဂေါက်ကွင်း၌ ကျင်းပမည်

GRAND ROYAL SPECIAL RESERVE Golf Championship

ရန်ကုန် ဖေဖော်ဝါရီ ၇

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်ကကြီးမှူး၍ International Beverages Trading Co., Ltd. က အဓိက ကူညီပံ့ပိုးသော ဂရင်းရွိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဒုတိယ လက်ရည်စစ်ပြိုင်ပွဲ (Grand Royal Special Reserve Second Qualify Round)ကို ဖေဖော်ဝါရီ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် တောင်ကြီးမြို့ အေးသာယာဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ယင်းဒုတိယ လက်ရည်စစ်ပြိုင်ပွဲမှ အကောင်းဆုံး ရိုက်ချက် ဂေါက်သီးရိုက်အားကစားသမားလေးဦးကို ရွေးချယ်မည် ဖြစ်သည်။

ကျင်းပမည်

အဆိုပါပြိုင်ပွဲတွင် စိန့်အင်ဒရူးဥပဒေသ (ST. Andrews) နှင့် ဒေသန္တရ စည်းမျဉ်းဥပဒေများအတိုင်း လိုက်နာကျင့်သုံးသွားမည်ဖြစ်ပြီး ပြိုင်ပွဲကို အချက်အကျောပေးပြိုင်ပွဲ System (36)ဖြင့် ကျင်းပသွားမည် ဖြစ်သည်။

ပံ့ပိုးကူညီ

ယင်းပြိုင်ပွဲ၏ Main Sponsor မှာ International Beverages Trading Co., Ltd. ဖြစ်၍ Co-Aponsors များ အဖြစ် Air Mandalay, Hotel Nikko, Srixon နှင့် Alpine တို့ကလည်း ထပ်မံ၍ပံ့ပိုးကူညီကြမည်ဖြစ်ပြီး ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် Organized by Han Event Managementက တာဝန်ယူ ဆောင်ရွက်ပေးမည် ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသော ဂေါက်သီးရိုက် အားကစားသမားများသည် ဖုန်း– ၀၈၁–၂၇၆၇၂၊ ၂၇၇၀၂ သို့ ဆက်သွယ်စာရင်းပေးသွင်းရမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးသတိပြု

ရန်ကုန် အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်တွင် မြို့နယ်အဆင့် ဘက်စုံပညာထူးချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၄ ရက်က လှိုင် အထက(၁) ဘုရင့်နောင်ခန်းမ၌ကျင်းပရာ လှိုင် အမက(၁၄) သူငယ်တန်း ကျောင်းသားကျောင်းသူလေးများ၏ တစ်လိမ် နှစ်လိမ် တေးသရုပ်ဖော်အကဖြင့် ဖျော်ဖြေတင်ဆက်ရာ မြို့နယ်ပညာရေးမှူး ဒေါ်ရီမြင့်နှင့် ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများနှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများအားပေးကြည့်ရှုကြစဉ်။ (ပညာရေး)

တပ်ကုန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ဆင်သေကျေးရွာ မိသားစုအဖွဲ့ဝင်များနှင့်တွေ့ဆုံ

တပ်ကုန်း ဇန်နဝါရီ ၃၀

ပျဉ်းမနားခရိုင် တပ်ကုန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့သည် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ် စည်းရုံးရေးရာဌာနကြီးမှူး ဒုတိယဗိုလ်မှူးကြီး တင့်ဝေ(ငြိမ်း)၏ ကြီးကြပ်မှုဖြင့် နယ်မြေ(၂) တာဝန်ခံ ဗိုလ်ကြီးသိန်းမြင့် (ငြိမ်း)နှင့်အဖွဲ့၏ ကျေးလက်ဒေသစည်းရုံးရေးဆိုင်ရာများ ဆောင်ရွက်နိုင်ရန် ဆင်သေကျေးရွာရှိ စစ်မှုထမ်းဟောင်းများ မိသားစုအဖွဲ့ဝင်များနှင့်တွေ့ဆုံပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၄ရက် နံနက်၁၀ နာရီက ဆင်သေကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ဒုတိယဗိုလ်မှူးကြီး တင့်ဝေ(ငြိမ်း)က နိုင်ငံတော်က ချမှတ်ပေးသည့် မူဝါဒရေးရာများ၊ ဗဟိုဌာနချုပ်၏ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားပြီး ဗိုလ်ကြီးသိန်းမြင့် (ငြိမ်း)က ၂၀၀၅ခုနှစ် စစ်မှုထမ်းဟောင်းညီလာခံမှ ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များကို အကျယ်တဝင့်ရှင်းလင်းပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးမင်းအောင်က အဖွဲ့ဝင်များနှင့် သားသမီးများ မှတ်ပုံတင်ပြုလုပ်ခြင်းနှင့် ပတ်သက်၍သိမှတ်ဖွယ်ရာများ ရှင်းလင်းပြောကြားသည်။ **(၂၆၆)**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး ဇန်နဝါရီ၂၀ ရက်က တာချီလိတ်မြို့နယ် စည်ပင် သာယာရေးအဖွဲ့ပိုင် ယာဉ်စက်ယန္တရားများကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

စဉ့်ကူးမြို့နယ် ပညာပျိုးခင်းစာကြည့်တိုက် နှစ်ပတ်လည်အခမ်းအနားကျင်းပ

မီးစက်၊ ဗီရိုနှင့် စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

စဉ့်ကူး ဇန်နဝါရီ ၂၅

စဉ့်ကူးမြို့နယ် ခတက်ချဉ်ကျေးရွာအုပ်စု တရော်မင်ကျေးရွာ ပညာပျိုးခင်း စာကြည့်တိုက် နှစ်ပတ်လည်အခမ်းအနားနှင့် အထိမ်းအမှတ် မီးစက်၊ ဗီရို၊ စာအုပ်မျိုးစုံပေးအပ်လှူဒါန်းပွဲနှင့် စာစီစာကုံးပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၁၆ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာစာကြည့်တိုက်ရှိ မင်္ဂလာမဏ္ဍပ်တွင် ကျင်းပသည်။

ထို့နောက် ပညာပျိုးခင်းစာကြည့်တိုက်အတွက် အလှူရှင်များက မီးစက်၊ ဗီရို၊စာအုပ်မျိုးစုံနှင့် အလှူငွေများပေးအပ်လှူဒါန်းရာ ကျေးရွာဉက္ကဋ္ဌ၊ စာကြည့်တိုက်မှူး ဦးကြည်ဝင်းနှင့် တာဝန်ရှိသူတို့က လက်ခံယူကြသည်။ **(ယာပုံ)**

ဟောပြော

ဆက်လက်၍ နှစ်ပတ်လည် အထိမ်းအမှတ် စာစီစာကုံး ပြိုင်ပွဲတွင် အထက်တန်းအဆင့်နှင့် အလယ်တန်း အဆင့်တို့တွင် ဆုရသူများအား မြို့နယ်ဉက္ကဋ္ဌ ဦးခင်မောင်လေး၊ ဒုတိယရဲမှူးရွှေသောင်း၊ မြို့နယ်ဦးစီးမှူးဦးဘိုဘိုဟန်နှင့်တာဝန်ရှိသူများက ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် စာကြည့်တိုက်နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် မန္တလေးမြို့မှ စာရေးဆရာမောင်သင်းပန်က စာကြည့်တိုက်ရေရှည်တည်တံ့ရေးအတွက် စာပေ ဗဟုသုတများ ဟောပြောကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပဲခူးတိုင်း(အနောက်ပိုင်း)အမျိုးသမီးရေးရာအဖွဲ့ နတ်တလင်းမြို့ မီးဘေးသင့်အိမ်ထောင်စုဝင်များအား ကယ်ဆယ်ရေးပစ္စည်းနှင့်ထောက်ပံ့ငွေများပေးအပ်

နတ်တလင်း ဇန်နဝါရီ ၃၀

ပဲခူးတိုင်း (အနောက်ပိုင်း) မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သိန်းပိုင်နှင့် အဖွဲ့ဝင်များလိုက်ပါလျက် ဇန်နဝါရီ ၁၇ရက် မွန်းလွဲ ၂နာရီက နတ်တလင်းမြို့နယ် မီးလောင်ရာနေရာသို့ရောက်ရှိလာပြီး မီးဘေးသင့်အိမ်ထောင်စုဝင်များကို အားပေးစကားပြောကြားကာ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် တိုင်းအမျိုးသမီးရေးရာအဖွဲ့တို့က လှူဒါန်းသည့် ထောက်ပံ့ငွေ ကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

ပေးအပ်လှူဒါန်း

ဆက်လက်၍ မီးဘေးသင့် အိမ်ထောင်စုဝင်များအား သာယာဝတီခရိုင် ကြက်ခြေနီတပ်ဖွဲ့ကလည်း ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

စာကြည့်တိုက်တည်တံ့ရေး ဆောင်ရွက်ချက်ဆွေးနွေး

လယ်ဝေး ဖေဖော်ဝါရီ ၃

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းထွန်းသည် ဇန်နဝါရီ ၂၈ရက် နံနက် ၉ နာရီက လယ်ဝေးမြို့နယ် သပြေပင်ကျေးရွာ သပြေ့ဂုဏ်ရည် စာကြည့်တိုက်သို့ ရောက်ရှိပြီး မြို့နယ်ဦးစီးမှူး ဦးခင်မောင်မြင့်နှင့် ဝန်ထမ်းများအား စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်ရမည့် အချက်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ သပြေပင်ရွာ အထကကျောင်းခန်းမ၌ ဟောပြောပွဲကျင်းပရာ ဆရာတင်ထွေးဆက်၊ ဆရာဝေမှူးတင်နှင့် ဆရာသန်းထွန်း (ပြန်/ဆက်) တို့က စာပေရေးရာများ ဟောပြောကြသည်။

(မြို့နယ် ပြန်/ဆက်)

အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ သီဟသုဓမ္မ မဏိဇောတဓရ ဦးချူသန်း (၈၃) နှစ် ပြည့် မွေးနေ့ အလှူအဖြစ် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတောင်ကြား (၁) ရပ်ကွက်သံလွင်လမ်း အမှတ် ၉၉ F-1နေ ဦးချူသန်း–ဒေါ်ဝင်းကြိုင် မိသားစုက အမှတ်၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ငါးသိန်းကို တိ=နိ(ရန်ကုန်ဌာန) ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ကောင်ရာ–အောင်လွတ် မြေသားလမ်းဖောက်လုပ်

တနိုင်း ဇန်နဝါရီ ၁၅

ကချင်ပြည်နယ် တနိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ကောင်ရာ–အောင်လွတ် ကျေးရွာချင်းဆက် မြေသားလမ်း ဖောက်လုပ်လျက်ရှိရာ သတ်မှတ်စံချိန်စံညွှန်းကိုက်ညီရေးနှင့်အချိန်မီပြီးစီးရေးအတွက် ဒီဇင်ဘာ ၂၈ရက်က အမှုဆောင်အရာရှိ ဦးသောင်းမြင့် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြောင်း သိရသည်။ **(၄၁၆)**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သိန်းနီမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့ရေပေးရေးလုပ်ငန်းဖြစ်သည့် ငါးဆင့်ရေလှောင်ကန်မှ ရေပေးဝေနိုင်မှု အခြေအနေကို ဇန်နဝါရီ ၂၅ရက်က ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးရန်နိုင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးဇော်နှင့်အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်စိုးစိုးထွဏ်း တို့က ရှင်းလင်းတင်ပြစဉ်။

(ခရိုင် ပြန်/ဆက်)



ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ် ပထမသုံးလပတ်အတွက် စက္ကူထုပ်ပိုးပစ္စည်းစက်ရုံ၏ ကုန်ထုတ်လုပ်မှုတွင် အသုံးပြုရန်အတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေ/အမေရိကန်ဒေါ်လာဖြင့် ဝယ်ယူလိုကြောင်း ကြေညာအပ်ပါသည်–

(က)	Corrugated Medium Paper	628 ton
(ခ)	Stitching Wire	3.75 ton
(ဂ)	ပုံနှိပ်မင်	1350 kg

၂။ တင်ဒါပိတ်ရက်မှာ ၁၆–၂–၂၀၀၇ရက်ဖြစ်ပြီး အသေးစိတ်သိလိုပါက ရောင်းဝယ်ရေးဌာန ဖုန်းနံပါတ် ၀၁–၅၆၀၆၈၇၊ ၀၆၇–၄၀၈၃၄၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာ့အထွေထွေနှင့် ပျူပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

၁။ ဝန်ထမ်းတစ်နေရာ – မ(၁)ဦး
(က) အသက် – ၂၇ နှစ်အောက်
(ခ) ပညာအရည်အချင်း – ဘွဲ့တစ်ခုခုရရှိရမည်။
(ဂ) အင်္ဂလိပ် – အရေး၊ အဖတ်၊ အပြောကျွမ်းကျင်ရမည်။
(ဃ) ကွန်ပျူတာ – ကျွမ်းကျင်ရမည်။
(င) ရုပ်ရည် – သန့်ပြန့်သူဖြစ်ရမည်။
(စ) အိမ်ထောင်ရေး – အိမ်ထောင်မရှိသူအမျိုးသမီး(အပျို)ဖြစ်ရမည်။
(ဆ) အခမ်းအနားမှူး – အင်္ဂလိပ်၊ မြန်မာနှစ်မျိုးလုံးဖြင့် အခမ်းအနားမှူး လုပ်နိုင်သူအား ဦးစားပေးမည်။ အလုပ်သမားမှတ်ပုံတင်မိတ္တူပါရှိရမည်။

လျှောက်ထားလိုသူများသည် ကိုယ်ပိုင်လျှောက်လွှာ၊ ကိုယ်ရေးမှတ်တမ်းလိုင်စင်ဓာတ်ပုံ(၂)ပုံနှင့် လိုအပ်သော စာရွက်စာတမ်းများနှင့် အတူ ၁၄–၂–၂၀၀၇ရက် နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ ရုံးချိန်အတွင်း ပေးပို့လျှောက်ထားနိုင်ပါသည်။

International Business Centre(IBC) Co., Ltd.
အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန(အိုင်ဘီစီ)ကုမ္ပဏီလီမိတက်၊
အမှတ် ၈၈၊ ပြည်လမ်း၊ ၆ မိုင်ခွဲ၊ လှိုင်မြို့နယ် ရန်ကုန်မြို့။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့စားသောက်ကုန်လုပ်ငန်းလက်အောက်ရှိ စက်ရုံများအတွက် အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်–

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါပိတ်ရက်နှင့်အချိန်
(က)	170(T)	500 KVA Diesel Generator	1 Set	၂၃–၂–၂၀၀၇ (၁၆း၀၀)နာရီ
(ခ)	172(T)	ဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းရန် 2" Φ MS Pipe & Access	440 ft	၂၃–၂–၂၀၀၇ (၁၆း၀၀)နာရီ
(ဂ)	174(T)	ပေါင် ၃၀၀ ရေခဲပုံး	၂၀၀လုံး	၂၃–၂–၂၀၀၇ (၁၆း၀၀)နာရီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါ ဌာနတွင် ၇–၂–၂၀၀၇ရက်မှစ၍ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်–

အမှတ်(၁)စက်မှုဝန်ကြီးဌာန
မြန်မာ့စားသောက်ကုန်လုပ်ငန်း(ရောင်းဝယ်ရေးဌာန)
– ရုံးအမှတ်–၃၇၊ နေပြည်တော်၊ ဖုန်း– ၀၆၇–၄၀၈၀၆၇၊
– ၁၉၂၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့၊ ဖုန်း–၀၁–၅၆၁၀၅၄။

ထိုက်သူရမည်

ယုဇနပလာဇာ မြေညီထပ် ဆိုင်ခန်း၊ E-6 ဝင်ပေါက်(၂)အနီး။ လူအစည်ကားဆုံး မိန်းလမ်းမကြီး (Fတန်း)နှင့် ကပ်လျက်အတန်း၊ ငွေပေးချေမှု ညှိနှိုင်း၍ရသည်။

ဖုန်း–၂၄၂၂၅၇၊ ၂၅၂၆၆၃၊ ၀၉ ၅၁ ၆၉၈၇၁။



မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ခ/၁၈၃၀ Chindwin Star Jeep ယာဉ်လက်ဝယ်ရှိသူ ကောင်းမြတ်ကုမ္ပဏီ မှတ်ပုံတင်အမှတ် ၆၃၃/၁၉၉၀၊၁၉၉၁ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ အရှေ့ပိုင်းခရိုင်ရုံး၊
(ရန်ကုန်မြို့)။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ဇော်မျိုး၉/မခန(နိုင်)၀၉၀၆၄၂ ၏ ၁၉၉၇ခုနှစ်တွင် ပြုလုပ် ထားသည့် နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း–၀၆၆–၃၀၂၉၀။

မွေးစားသားအဖြစ်မှ စွန့်လွှတ်ခြင်း

လယ်ဝေးမြို့နယ် စည်ပိုင်းကျေးရွာအုပ်စု ချမ်းသာကြီးကျေးရွာနေ ဒေါ်အေးညွန့် ၉/လဝန(နိုင်)၀၉၂၉၀၃၏ မွေးစားသား မောင်ပြည့်ဖြိုးအောင်(ဘ) ဦးအောင်ဝင်းသည် ဆုံးမစကားနားမထောင်ဘဲ မွေးစားမိခင်နှင့် မိသားစုအပေါ် ခွင့်မလွှတ်နိုင်သည့် အပြုအမူများ ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ အမွေစား အမွေခံမွေးစားသားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ ယနေ့မှစ၍ ၎င်းနှင့်ပတ်သက်သမျှ လုံးဝ တာဝန်မယူပါကြောင်း။

ဒေါ်အေးညွန့်
၉/လဝန(နိုင်)၀၉၂၉၀၃။

မြန်မာနိုင်ငံတွင် ဘာသာဝင်အားလုံး ချစ်ခင်ရင်းနှီးစွာ အပြန်အလှန်ရိုင်းပင်းကူညီမှုဖြင့် အတူယှဉ်တွဲနေထိုင်လျက်ရှိ ဝတ်ပြုကိုးကွယ်မှုဆိုင်ရာ ကိစ္စရပ်များတွင်လည်း လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ရရှိနေ

ဘာသာအားလုံးအတွက် သာသနာရေးဆိုင်ရာ ကူညီထောက်ပံ့ချီးမြှင့်မှုများ ဆောင်ရွက်ပေးနေသည်မှာ ပေါ်လွင်ထင်ရှား သာသနာရေးဝန်ကြီးဌာနဖွဲ့စည်းထားပြီး ဘာသာရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ် ပူးပေါင်းဆောင်ရွက်လျက်ရှိသဖြင့် ကမ္ဘာ့ခရစ်ယာန်များစည်းလုံးညီညွတ်ရေးအဖွဲ့ (CSW)၏ အစီရင်ခံစာပါ စွပ်စွဲချက်များ လုံးဝလွဲမှား

ဘာသာရေးကိုအကြောင်းပြု၍ မြန်မာ့ပြည်တွင်းရေးအား ဝင်ရောက်စွက်ဖက်ရန် ကြိုးစည်အားထုတ်လာသော

အမေရိကန်နှင့် ဗြိတိန်တို့၏ နည်းလမ်းမမှန်ကန်သော လုပ်ရပ်ကို လုံးဝလက်မခံ

မြန်မာနိုင်ငံ၏တည်ရှိနေသော ဘာသာပေါင်းစုံချစ်ကြည်မှုကို ထိခိုက်စေရန် လုပ်ဆောင်ခြင်းဖြစ်၍ ဆန့်ကျင်ကန့်ကွက်

နေပြည်တော် ဖေဖော်ဝါရီ ၇

မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်ကြိုးကိုင်နိုင်ရေးအတွက် အနောက်နိုင်ငံကြီးအချို့နှင့် အပေါင်းပါများက မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ မမှန်ကန်သော အကြောင်းပြစွပ်စွဲချက်များကို မဟုတ်မမှန် လုပ်ကြံဖန်တီးထုတ်လွှင့်လျက်ရှိသည်။

အမေရိကန်အစိုးရက ၎င်းတို့နှစ်စဉ်ထုတ်ပြန်သည့် ဘာသာရေးလွတ်လပ်ခွင့်မရှိသော နိုင်ငံများစာရင်း၌ မြန်မာနိုင်ငံကို အမြဲထည့်သွင်းပြီး မဟုတ်မမှန် လုပ်ကြံစွပ်စွဲလျက်ရှိသကဲ့သို့ ၎င်း၏လက်ဝေခံအဖွဲ့အစည်းများ၊ လက်ပါးစေ ပုဆိန်ရိုးများကိုလည်း မြန်မာနိုင်ငံနှင့်ပတ်သက်သည့် ဘာသာရေးဆိုင်ရာ သတင်းအချက်အလက်အမှားများကို လုပ်ကြံဖန်တီး ပေးပို့ထုတ်လွှင့်စေလျက်ရှိသည်။

ဗြိတိန်နိုင်ငံအခြေစိုက် ကမ္ဘာ့ခရစ်ယာန်စည်းလုံးညီညွတ်ရေးအဖွဲ့ (Christian Solidarity Worldwide-CSW) ကလည်း ၂၃-၁-၂၀၀၇ ရက်စွဲဖြင့် မြန်မာနိုင်ငံအတွင်း ခရစ်ယာန်ဘာသာဝင်များ ဖိနှိပ်ခံနေရကြောင်း အစီရင်ခံစာထုတ်ပြန်ပြီး မြန်မာနိုင်ငံအပေါ် နိုင်ငံတကာမှ အထင်အမြင်လွဲမှားအောင် ပူးပေါင်းကြံစည်လုပ်ဆောင်ခဲ့သည်။

မြန်မာနိုင်ငံတွင် ဘာသာဟူသမျှကို လွတ်လပ်စွာ အတူတကွ ယှဉ်တွဲကိုးကွယ်နိုင်သည့် ကောင်းကျိုးတရားများ ထွန်းကားပြန့်ပွားအောင် ကိုယ်တိုင်ကိုယ်ကျ မျက်ဝါးထင်ထင် ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိနေကြသော မြန်မာနိုင်ငံအတွင်းရှိ ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူ ဘာသာရေးဆိုင်ရာ အသင်းအဖွဲ့များက အဆိုပါ CSW အဖွဲ့၏အစီရင်ခံစာနှင့်ပတ်သက်၍ ၎င်းတို့၏သဘောထားကြေညာချက်များကို အသီးသီး ထုတ်ပြန်ကြေညာခဲ့ကြသည်။

စာမျက်နှာ ၆ ကော်လံ ၁

ပါတီနှင့်ပါတီခေါင်းဆောင်များအပေါ် ယုံကြည်မှုမရှိ ဘိုကလေးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ၆၅ ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဖေဖော်ဝါရီ ၇

ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော တမံကြီးကျေးရွာမှ ဦးအောင်တိုး၊ ကွင်းချောင်းကျေးရွာမှ ဦးသံချောင်း၊ အကော်ကျေးရွာမှ ဦးမြင့်အောင် အပါအဝင် ငါးဦး၊ ငရုတ်နောက်ကျေးရွာမှ ဦးစိန်ထွန်း အပါအဝင် လေးဦး၊ ဗြူးစခန်းကျေးရွာမှ ဦးပေါက်စ၊ ဝဲကြီးကျေးရွာမှ ဦးလှမြင့်၊ အရှေ့ကွင်းကျေးရွာမှ ဦးသန်းမြိုင် အပါအဝင် လေးဦး၊ အေးရွာမှ ဦးတောက်ထွန်း၊ သံလိုက်ကျေးရွာမှ ဒေါ်သန်းသန်းညို၊ ဟံသာကျေးရွာမှ ဒေါ်ချိုချိုမြင်း၊ အပ္ပနန်းကျေးရွာမှ ဒေါ်လှတင် အပါအဝင် ခုနစ်ဦး၊ ကံစုကျေးရွာမှ ဦးထွန်းခင်အပါအဝင် နှစ်ဦး၊ ကရင်စုကျေးရွာမှ ဦးမြတ်စိုး၊ ညံတောအင်းကျေးရွာမှ ဦးခင်မောင်ကျော် အပါအဝင် ရှစ်ဦး၊ လှော်တောင်စုကျေးရွာမှ ဦးထွန်းနောင် အပါအဝင် နှစ်ဦး၊ သပြေကုန်းကျေးရွာမှ ဦးမောင်ကြီး၊ ကဇောင်းလေးကျေးရွာမှ ဦးဝင်းနိုင်၊ ကံစုအနောက်ကျေးရွာမှ ဒေါ်ရွှေ အပါအဝင် နှစ်ဦး၊ စက်ဆန်းအမှတ်(၂)နယ်မြေမှ ဦးနေလင်း၊ ငပိတုံးလှဲကျေးရွာမှ ဦးစိုးမြင့်၊ ဒါးချောင်းကျေးရွာမှ ဦးအေးလှိုင်၊ ညီနောင်ကျေးရွာမှ ဦးဌေးအောင်ကြည်၊ သုံးထပ်ကျေးရွာမှ ဦးကျော်ရှိန် အပါအဝင် နှစ်ဦး၊ စံကင်းကျေးရွာမှ ဦးသောင်းဟန်၊ စက်ဆန်း(၄) နယ်မြေမှ ဦးထွန်းလင်း၊ ငရုတ်အရှေ့ကျေးရွာမှ ဦးအောင်ချင်း၊ မြင်းကကုန်း (၃) နယ်မြေမှ ဦးမြင့်စိုး အပါအဝင် သုံးဦး၊ မြင်းကကုန်း (၂) နယ်မြေမှ ဦးစိုးဝင်း အပါအဝင် ခြောက်ဦး၊ မြင်းကကုန်းကျေးရွာမှ ဦးလေးနိုင်၊ မြင်းကကုန်းကျုံချင်းကျေးရွာမှ ဦးကြည်မြင့်၊ မြင်းကကုန်း (၁) နယ်မြေမှ ဦးစိုးအောင်တို့ အပါအဝင် စုစုပေါင်း ၆၅ ဦးတို့သည် ၂၀၀၆ ခုနှစ် စက်တင်ဘာ ၂၂ ရက်တွင် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း၊ နုတ်ထွက်လွှာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။ စာမျက်နှာ ၆ ကော်လံ ၅

မြန်မာ့အလင်း ယနေ့ ဆောင်းပါးအညွှန်း

တွေ့ဆုံဆွေးနွေးရေး၊ တွေ့ဆုံဆွေးနွေးရေးဟု....ဆိုကာ (၃)

- အမျိုးသားညီလာခံကြီးကို ပျက်စီးရာပျက်စီးကြောင်း ကြံစည်နေကြသူတွေရဲ့ တွေ့ဆုံဆွေးနွေးရေးဆိုတဲ့ တောင်းဆိုချက်ဟာလဲ အနှစ်သာရ ပြည့်ဝလှတဲ့ အမျိုးသားညီလာခံကြီးရဲ့ မှန်ကန်တဲ့ အရှိန်အဝါအောက်မှာ သေးသိမ်ပျောက်ကွယ်သွားပြီဖြစ်။
- နိုင်ငံတော်အစိုးရအနေနဲ့ NLD အား အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ဖို့ လက်တွဲခေါ်ယူခဲ့ပေမယ့် NLD ဟာ ယခင်ကျင့်သုံးခဲ့သော ထိပ်တိုက်ရင်ဆိုင်ရေး၊ အလုံးစုံပျက်သုဉ်းရေးစတဲ့ မူဝါဒများကိုပဲ ဆက်လက် ကိုင်စွဲနေခဲ့တဲ့အတွက် ယခု အချိန်မှာ NLD အား ထပ်မံတွေ့ဆုံဆွေးနွေးရန် အကြောင်းမရှိတော့ပါ။

စိုးမြကျော်၏ဆောင်းပါး(စာ ၈-၉-၁၀ နှင့် ၁၁)တွင် အကျယ်တဝင့် ဖတ်ရှုလေ့လာနိုင်ကြပါသည်။